မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၉ ] ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် ) } သောကြာနေ့ [ အတွဲ ၆၆

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၁/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် )

**၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၆။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

**၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်**
**ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ**
**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၆။ )**

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

## အခန်း (၂)

## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် စပ်လျဉ်း၍ ဇယား (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) တို့တွင် ခွင့်ပြုထားသောသုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့်သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ဇယား(၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ: သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြေးမြီ: ထုတ်ချေးငွေ | ကြေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | နိုင်ငံတော်သမ္မတ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၆၃၆.၀၄၇ | | | ၃၄၁၇၇.၁၉၂ | | | | | ၃၅၈၁၃.၂၃၉ |
| ၂ | ၄ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်ကတာဝန်ပေးသူ | | | | ၅.၃၀၀ | | | | | ၅.၃၀၀ |
| ၃ | ၅ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်ကတာဝန်ပေးသူ | ၅၁.၈၂၅ | | | ၁၃၅.၃၀၅ | | | | | ၁၈၇.၁၃၀ |
| ၄ | ၆ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁၉၀.၄၄၅ | | | | | | | | ၁၉၀.၄၄၅ |
| ၅ | ၈ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တာဝန်ပေးသူ | ၃၃၇.၀၆၈ | | | ၁၄၆.၃၁၃ | | | | | ၄၈၃.၃၈၁ |
| ၆ | ၉ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌသို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက တာဝန်ပေးသူ | | | | ၁၄၁.၀၅၀ | | | | | ၁၄၁.၀၅၀ |
| | | ပေါင်း | | ၂၂၁၅.၃၈၅ | | | ၃၄၆၀၅.၁၆၀ | | | | | ၃၆၈၂၀.၄၄၅ |

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | ပြည်ထဲရေး | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၁၃၃၄.၁၇၂ | | ၄.၇၂၂ | ၁၇၈၉၀.၈၅၃ | | ၀.၉၆၀ | | | ၂၉၂၁၀.၇၀၇ |
| ၂ | ၂ | ကာကွယ်ရေး | ၎င်း | | ၃.၁၀၄ | | ၄၄၁၆၇.၈၈၉ | | ၁၆.၈၃၅ | | | ၄၄၁၈၇.၈၂၈ |
| ၃ | ၃ | နယ်စပ်ရေးရာ | ၎င်း | ၁၁၄၃.၃၃၆ | ၀.၆၀၀ | ၂၃၀၃.၀၀၀ | ၁၃၃၂.၈၂၀ | | ၆.၀၀၀ | | | ၄၇၈၅.၇၅၆ |
| ၄ | ၄ | နိုင်ငံခြားရေး | ၎င်း | ၁၆၅၉.၄၄၄ | | | ၂.၂၈၈ | | | | | ၁၆၆၁.၇၃၂ |
| ၅ | ၅ | ပြန်ကြားရေး | ၎င်း | ၆.၄၆၄ | | | ၁၁၃၅.၇၉၀ | | | | | ၁၁၄၂.၂၅၄ |
| ၆ | ၇ | သာသနာရေး | ၎င်း | ၁၂၂.၇၀၇ | | | ၇.၇၀၀ | | | | | ၁၃၀.၄၀၇ |
| ၇ | ၈ | သမဝါယမ | ၎င်း | ၄၆.၄၁၃ | ၉၈၀.၀၀၀ | ၂၉၇၉.၂၀၀ | ၁၄၈.၁၇၈ | ၉၈၀၀၀.၀၀၀ | | | | ၁၀၂၁၅၃.၇၉၁ |
| ၈ | ၉ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၃၀၀၆.၃၄၃ | ၁၉၀၃.၃၃၀ | ၆.၇၆၆ | ၃၈၂၀၂.၇၃၅ | | ၂၄၃၆.၀၈၂ | | | ၄၅၅၅၅.၂၅၆ |
| ၉ | ၁၀ | မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၎င်း | ၆၈၀၉.၂၈၇ | | ၆၆၅၄.၅၆၆ | ၃၉၈၈၅.၆၆၀ | | | | | ၅၃၃၄၉.၅၂၃ |
| ၁၀ | ၁၁ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ | ၎င်း | ၂၀.၂၅၂ | | | | | | | | ၂၀.၂၅၂ |
| ၁၁ | ၁၂ | ပို့ဆောင်ရေး | ၎င်း | ၁၆၃.၀၄၅ | ၈၉၉၆.၆၈၄ | | ၁၇၄၆၆.၁၆၈ | | ၇၅၃.၅၅၄ | | | ၂၇၃၇၉.၄၅၁ |
| ၁၂ | ၁၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၎င်း | ၂၅၅.၅၁၀ | | ၂၂.၈၄၃ | ၂၇၇.၀၂၉ | | | | | ၅၅၅.၃၈၂ |
| ၁၃ | ၁၄ | လျှပ်စစ်စွမ်းအား | ၎င်း | | | | ၃၄၇၈၆.၃၃၂ | | ၂၇၀.၃၄၁ | | | ၃၅၀၅၆.၆၇၃ |
| ၁၄ | ၁၅ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၎င်း | ၁၂၄.၇၈၈ | | | | | | | | ၁၂၄.၇၈၈ |
| ၁၅ | ၁၆ | စွမ်းအင် | ၎င်း | ၂၆.၆၀၅ | | | | | | | | ၂၆.၆၀၅ |
| ၁၆ | ၁၇ | စက်မှု | ၎င်း | ၇၄.၃၆၄ | | | ၁၆၅၄.၃၀၇ | | | | | ၁၇၂၈.၆၇၁ |
| ၁၇ | ၁၈ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | ၂၀၉၆.၁၃၃ | | ၃၃.၃၂၁ | ၂၆၉.၆၂၀ | | | | | ၂၃၉၉.၀၇၄ |
| ၁၈ | ၁၉ | အားကစား | ၎င်း | ၃.၉၀၀ | | | ၂၄၃၃၇.၄၀၂ | | | | | ၂၄၃၄၁.၃၀၂ |
| ၁၉ | ၂၀ | ပညာရေး | ၎င်း | ၁၄၆၃.၂၄၀ | | ၁၉.၂၈၂ | | | | | | ၁၄၈၂.၅၂၂ |
| ၂၀ | ၂၁ | ကျန်းမာရေး | ၎င်း | ၃၉၅၉.၇၂၃ | | | ၂၅၃၀၇.၈၃၁ | | | | | ၂၉၂၆၇.၅၅၄ |
| ၂၁ | ၂၂ | သတ္တုတွင်း | ၎င်း | ၃၃.၂၁၀ | | | | | | | | ၃၃.၂၁၀ |
| ၂၂ | ၂၃ | ယဉ်ကျေးမှု | ၎င်း | ၆၆၁.၄၁၅ | | | ၁၅၃၇.၅၆၁ | | | | | ၂၁၉၈.၉၇၆ |
| ၂၃ | ၂၄ | ဘဏ္ဍာရေး | ၎င်း | ၁၀၇.၀၂၀ | | | ၁၄၈.၅၀၀ | | | | | ၂၅၅.၅၂၀ |
| ၂၄ | ၂၅ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၄၂၄.၅၈၃ | | ၇.၀၆၃ | ၂၈၈.၂၅၅ | | | | | ၇၁၉.၉၀၁ |
| ၂၅ | ၂၆ | ဆောက်လုပ်ရေး | ၎င်း | | | | ၂၈၆၅၂.၇၆၁ | | | | | ၂၈၆၅၂.၇၆၁ |
| ၂၆ | ၂၇ | အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေး | ၎င်း | ၂၇.၉၀၄ | | ၁၆.၈၉၈ | | | | | | ၄၄.၈၀၂ |
| ၂၇ | ၂၈ | ရထားပို့ဆောင်ရေး | ၎င်း | ၅၉.၈၃၄ | | | ၇.၀၀၀ | | | | | ၆၆.၈၃၄ |
| ၂၈ | ၂၉ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၎င်း | ၇၁၈.၈၂၅ | | ၄.၀၀၀ | ၂၈၁.၇၁၄ | | | | | ၁၀၀၄.၅၃၉ |
| ၂၉ | ၃၀ | သိပ္ပံနှင့်နည်းပညာ | ၎င်း | ၆၉၉.၉၀၅ | | ၃၇.၈၉၁ | ၃၂၂၁.၆၉၂ | | | | | ၃၉၅၉.၄၈၈ |
| ၃၀ | ၃၁ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း | ၎င်း | ၂၂.၉၆၇ | | | | | | | | ၂၂.၉၆၇ |
| ၃၁ | | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့လိုငွေဖြည့်ဆည်းခြင်းအတွက် ထောက်ပံ့ငွေ | ၎င်း | | | ၇၇၃၇၄.၀၀၀ | | | | | | ၇၇၃၇၄.၀၀၀ |
| | | ပေါင်း | | ၃၅၀၇၁.၃၉၉ | ၁၁၈၈၃.၇၁၈ | ၈၉၄၆၃.၅၅၂ | ၂၈၁၁၁၀.၀၈၅ | ၉၈၀၀၀.၀၀၀ | ၃၄၈၃.၇၇၂ | | | ၅၁၈၀၁၂.၅၂၆ |

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | မိမိဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့်ဆောင်ရွက်မည့်လုပ်ငန်းသုံးရင်းနှီးငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | ၁ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတကတာဝန်ပေးသူ | ၃၆၁၅.၄၆၄ | | | ၁၂၀.၀၉၄ | | | | | | ၃၇၃၅.၅၅၈ |
| ၂ | ၂ | သမဝါယမဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၃၉.၈၆၇ | | | | | | | | | ၃၉.၈၆၇ |
| ၃ | ၃ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိနိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၈၅၅၆.၈၉၈ | | | | | | | | | ၁၈၅၅၆.၈၉၈ |
| ၄ | ၅ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိနိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | | ၇၁၉၇.၆၅၀ | | ၂၄၉၉.၇၁၉ | | | ၂၁၆၁၄.၂၉၉ | ၃၁၃၁၁.၆၆၈ |
| ၅ | ၆ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနလက်အောက်ရှိနိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | | ၄၅.၇၇၄ | | | | | ၉၄၂၇.၇၄၀ | ၉၄၇၃.၅၁၄ |
| ၆ | ၇ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၈၄၉၆၀.၄၁၇ | | | ၆၈၀၃၁.၈၆၄ | | ၂၀၀၅.၉၇၈ | | | ၄၉၅၅၁.၅၀၆ | ၂၀၄၅၄၉.၇၆၅ |
| ၇ | ၈ | စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၄၃၁၀၅.၅၆၀ | | | ၈၃၅၇.၆၈၉ | | ၁၆၀၉.၅၅၅ | | | ၃၁၀၁၂၆.၄၄၉ | ၄၆၃၀၉၉.၂၁၃ |
| ၈ | ၉ | စက်မှုဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၈၁၄၇.၄၃၃ | | | ၄၁၄၃၀.၂၁၃ | | ၁၂၈၂.၉၄၃ | | | ၆၀၁၂.၆၇၁ | ၆၆၈၇၃.၂၆၀ |
| ၉ | ၁၀ | သတ္တုတွင်းဝန်ကြီးဌာနလက်အောက်ရှိနိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၆၉၆.၆၀၅ | | | | | | | | | ၁၆၉၆.၆၀၅ |
| ၁၀ | ၁၁ | ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၆၅၇၄၈.၀၀၅ | | | ၂၉၃၉.၀၇၂ | | | | | | ၆၈၆၈၇.၀၇၇ |
| ၁၁ | ၁၂ | ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၄.၇၁၉ | | | ၆၆.၀၀၀ | | ၆၉.၅၂၀ | | | | ၁၄၀.၂၃၉ |
| ၁၂ | ၁၃ | ရထားပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၇၆၁၃.၁၁၃ | | | | | ၂၀၉၉.၀၅၉ | | | | ၁၉၇၁၂.၁၇၂ |
| | | ပေါင်း | | ၃၅၃၄၈၈.၀၈၁ | | | ၁၂၈၁၈၈.၃၅၆ | | ၉၅၆၆.၇၇၄ | | | ၃၉၆၇၃၂.၆၆၅ | ၈၈၇၉၇၅.၈၇၆ |

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၇.၁၄၈ | | | | | | | | ၁၇.၁၄၈ |
| | | **ပေါင်း** | | **၁၇.၁၄၈** | | | | | | | | **၁၇.၁၄၈** |

## နေပြည်တော်ကောင်စီ

ယေား(၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | | ၂၄၉၅၃,၈၅၅ | | | | | ၂၄၉၅၃,၈၅၅ |
| | | ပေါင်း | | | | | ၂၄၉၅၃,၈၅၅ | | | | | ၂၄၉၅၃,၈၅၅ |

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၁၅၀၀.၀၀၀ | | | | | | ၁၅၀၀.၀၀၀ |
| | | ပေါင်း | | | | ၁၅၀၀.၀၀၀ | | | | | | ၁၅၀၀.၀၀၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၅၅/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် )

**မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၉) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းထွန်း (ဥက္ကဋ္ဌ၊ သတ္တုနှင့်သယံဇာတရေးရာကော်မတီ) က အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၂ အရ ထုတ်ပြန် ကြေညာအပ်ပါသည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

**မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်      ။ )**

၁၃၇၅ ခုနှစ်၊        လ    ရက်

( ၂၀၁၃ ခုနှစ်၊       လ    ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

၁။ ဤဥပဒေကို **မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာ့သတ္တုတွင်းဥပဒေတွင် -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော **ကျောက်မျက်ရတနာ၊** ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) တွင် ပါရှိသော **ကိုဘော့လ် သို့မဟုတ် မင်းဂနီးစ်** ဆိုသည့် စကားရပ်ကို **ကိုဘော့လ်၊ မင်းဂနီးစ်၊ မြေရှားသတ္တု၊ အလေးစီးတွင်းထွက်၊ တိုက်တေနီယမ်၊ မော်လစ်ဒီနမ် သို့မဟုတ် မဂ္ဂနီဆီယမ်** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၂၊ ပုဒ်မခွဲ (င) တွင် ပါရှိသော **လချေးဖြူ သို့မဟုတ် လချေးညို၊** ဆိုသည့် စကားရပ်ကို **လချေးဖြူ၊ လချေးညို၊ ကန့်၊ ဆိုဒါ၊ ဖော့စဖိတ်၊ ဘောက်ဆိုဒ်၊ ဖန်ချက်သဲ၊ ဆေးဒန်း၊ ဒုတ္တာ၊ ကွာဇိုက်၊ ခရိုမိုက်၊ ပိုဇိုလန် သို့မဟုတ် အလှဆင်ကျောက်အဖြစ် အသုံးပြုရန် အဆင့်မမီသော သလင်းကျောက်** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မ ၂၊ ပုဒ်မခွဲ (စ) တွင် ပါရှိသော **ပဂ္ဂမတိုက်ကျောက် သို့မဟုတ် လိပ်သဲကျောက်** ဆိုသည့် စကားရပ်ကို **သင်ပုန်းကျောက်၊ အင်ကြင်းကျောက်၊ ထန်းပင်ကျောက်၊ သစ်ပင်မှဖြစ်သော ကျောက် အမျိုးမျိုး၊ ပိုင်ရော့ဆီးနိုက်၊ ဆာပင်တီနိုက်၊ ဟွန်းဗလင်းဒိုက်၊ အင်ဒီဆိုက်၊ ဒိုလာရိုက်ကျောက်၊ ကွာဇိုက်ကျောက်၊ ဗဆော့ကျောက်၊ သျှစ်ကျောက်၊ ကွန်ဂလိုမရိတ် စရစ်လုံးကျောက် သို့မဟုတ် ရတနာတန်းဝင် အဆင့်မမီသော ပယ်ရီဒိုတိုက်ကျောက်** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) တွင် ပါရှိသော **မြေသား၌ ဓာတ်သတ္တုတည်စွဲသည့်** ဆိုသည့် စကားရပ်ကို **မြေထု၌ဖြစ်စေ၊ အခြားနေရာ၌ဖြစ်စေ ဓာတ်သတ္တုတည်စွဲသည့်** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဈ) **ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်း**ဆိုသည်မှာ ဓာတ်သတ္တုသိုက်တစ်ခု၏ အမျိုးအစား၊ တည်နေရာ၊ အရွယ်အစား၊ ပုံသဏ္ဌာန်၊ အရည်အသွေးနှင့် ပမာဏတို့ကို သိရှိနိုင်ရန် စမ်းသပ်ခြင်း၊ တိုင်းတာခြင်းနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းတို့ကို ဆိုသည်။"

(ဆ) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဋ) ၏နောက်တွင် ပုဒ်မခွဲ (ဋ-၁) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဋ-၁) **အလတ်စားထုတ်လုပ်ခြင်း**ဆိုသည်မှာ ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ် အများအပြား မလိုအပ်သည့် သို့မဟုတ် သင့်လျော်သောနည်းပညာရပ်နှင့် နည်းစနစ်များ အသုံးပြုရန် လိုအပ်သည့် စီးပွားရေးလုပ်ငန်းအဖြစ် ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုသည်။"

(ဇ) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဍ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဍ) **လက်လုပ်လက်စားထုတ်လုပ်ခြင်း**ဆိုသည်မှာ သာမန်လက်သုံးကိရိယာများကိုဖြစ်စေ၊ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများဖြင့် သတ်မှတ်သော မြင်းကောင်ရေအားထက် မပိုသည့် စက်ကိရိယာကိုဖြစ်စေ အသုံးပြု၍ ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုသည်။"

(ဈ) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဎ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဎ) **ဓာတ်သတ္တုဆင့်တက်ပြုပြင်ခြင်း**ဆိုသည်မှာ ဓာတ်သတ္တုကို အရည်အသွေးအရဖြစ်စေ၊ တန်ဖိုးအရဖြစ်စေ တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် သတ္တုရိုင်းများအား သတ္တုသန့်စင် သို့မဟုတ် သတ္တုစင်များဖြစ်လာစေရန် ဆေးကြောသန့်စင်ခြင်း၊ ကျိုချက်ခြင်း၊ ချွတ်ခြင်း၊ လျှပ်ကူးခြင်း၊ ပုံသွင်းခြင်း လုပ်ငန်းစဉ်များလည်း ပါဝင်သည်။"

၃။ မြန်မာ့သတ္တုတွင်းဥပဒေတွင် -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၂၂ နှင့် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) တို့ကို ပယ်ဖျက်ရမည်။

၄။ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀ နှင့် ၁၁ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ အောက်ပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည် -

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ အလတ်စားထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း။

(ခ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက် အကြီးစားထုတ်လုပ်ခြင်း။

(ဂ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းတို့ကို အလတ်စား ထုတ်လုပ်ခြင်း။

(ဃ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းတို့နှင့်စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အလတ်စားထုတ်လုပ်ခြင်း သို့မဟုတ် အသေးစား ထုတ်လုပ်ခြင်းလုပ်ငန်းတို့တွင် အနည်းဆုံး လုပ်ငန်း ၃ ရပ်ကို တစ်ပေါင်းတည်းလုပ်ကိုင်ခြင်း။

၅။ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့် ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည် -

(က) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် ကျောက်ရှာဖွေခြင်း သို့မဟုတ် စမ်းသပ်တိုင်းတာခြင်း၊

(ခ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် ကျောက်ကို အလတ်စားထုတ်လုပ်ခြင်း။

၆။ သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်များနှင့်စပ်လျဉ်း၍ အသေးစား ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ် အစိုးရအဖွဲ့၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၇။ ဝန်ကြီးဌာနသည် အောက်ပါလုပ်ငန်းတစ်ရပ်ရပ်အတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့်ကို လုပ်ငန်းအလိုက် လုံလောက်သောသက်တမ်း သတ်မှတ်၍ ထုတ်ပေးနိုင်သည် -

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ အလတ်စား ထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း။

(ခ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက် အကြီးစား ထုတ်လုပ်ခြင်း။

၈။ ဝန်ကြီးဌာနသည် အောက်ပါလုပ်ငန်းများအတွက် ခွင့်ပြုမိန့်ကို လုပ်ငန်းအလိုက် လုံလောက်သော သက်တမ်းသတ်မှတ်၍ ထုတ်ပေးနိုင်သည် -

(က) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းတို့ကို အလတ်စား ထုတ်လုပ်ခြင်း။

(ခ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းတို့နှင့်စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အလတ်စားထုတ်လုပ်ခြင်း သို့မဟုတ် အသေးစား ထုတ်လုပ်ခြင်းလုပ်ငန်းတို့တွင် အနည်းဆုံး လုပ်ငန်း ၃ ရပ်ကို တစ်ပေါင်းတည်းလုပ်ကိုင်ခြင်း။

(ဂ) ဘူမိဗေဒအချက်အလက်များ ပြည့်စုံပြီး သတ္တုသိုက်ပမာဏနှင့်စပ်လျဉ်း၍ စီးပွားဖြစ် ထုတ်လုပ်နိုင်သော လုပ်ကွက်များအား လေလံစနစ်အရ သီးခြားစည်းကမ်းချက်ဖြင့် လုပ်ကိုင်ခြင်း။

၉။ ဦးစီးဌာနသည် အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ခွင့်ပြုမိန့်ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လုပ်ငန်းအလိုက် လုံလောက်သောသက်တမ်း သတ်မှတ်၍ ထုတ်ပေးနိုင်သည် -

(က) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် ကျောက်ရှာဖွေခြင်း သို့မဟုတ် စမ်းသပ်တိုင်းတာခြင်း၊

(ခ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် ကျောက်ကို အလတ်စားထုတ်လုပ်ခြင်း။

၁၀။ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်များနှင့်စပ်လျဉ်း၍ အသေးစားထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ထုတ်ပေးရန် ပုဒ်မ ၆ အရ လျှောက်ထားချက်ကို စိစစ်ပြီး ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ လုပ်ငန်းအလိုက် လုံလောက် သော သက်တမ်းသတ်မှတ်၍ ခွင့်ပြုမိန့်ကို ထုတ်ပေးနိုင်သည်။

၁၁။ အကြီးစားထုတ်လုပ်ခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ အသေးစားထုတ်လုပ်ခြင်းနှင့် လက်လုပ် လက်စား ထုတ်လုပ်ခြင်းဟူ၍ ခွဲခြားသတ်မှတ်ခြင်းကို ပုဒ်မ ၂၊ ပုဒ်မခွဲ (ဋ)၊ (ဋ-၁)၊ (ဌ) နှင့် (ဍ)

တို့ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အခြေပြု၍ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများတွင် လုပ်ငန်းလုပ်ကိုင်သည့် ဧရိယာအကျယ်အဝန်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် စက်ယန္တရား၊ စက်ကိရိယာ အသုံးပြုမှုများကို ထည့်သွင်းသတ်မှတ်ရမည်။"

၅။ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (စ) ၏နောက်တွင် ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဆ) အသေးစားထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ထိုက်သင့်သော ဓာတ်သတ္တုခွန်နှင့် အခြားအခကြေးငွေများကို ပုဒ်မခွဲ (စ) နှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ဝန်ကြီးဌာနကိုယ်စား ကောက်ခံ၍ သက်ဆိုင်ရာဝန်ကြီး ဌာန ငွေစာရင်းခေါင်းစဉ်များသို့ ဘဏ်မှပေးသွင်းသည့်စနစ်ကို ကျင့်သုံးရမည်။"

၆။ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၁၈ နှင့် ၁၉ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၈။ ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ဓာတ်သတ္တုများ ရောင်းချသည့် အခါ ဓာတ်သတ္တုတန်ဖိုးအပေါ် အောက်ပါနှုန်းထားများအရ ဓာတ်သတ္တုခွန်ပေးဆောင်ရမည် -

(က) ရွှေ၊ ပလက်တီနမ်နှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် အဖိုးတန်သတ္တုများအတွက် ၁၅ ရာခိုင်နှုန်း၊

( ခ ) ငွေ၊ အီရီဒီယမ်၊ အောစ်မီယမ်၊ ပလက်ဒီယမ်၊ ရုသာနီယမ်၊ ရိုဒီယမ်၊ တန်တလန်၊ ကိုလံဘီယမ်၊ နိုင်အိုဘီယမ်၊ ယူရေနီယမ်၊ သိုရိယမ်၊ သံ၊ သွပ်၊ ကြေးနီ၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ နီကယ်၊ ခနောက်စိမ်း၊ အလူမီနီယမ်၊ အာဆင်းနစ်၊ ဘစ်မတ်၊ ကက်ဒ်မီယမ်၊ ခရိုမီယမ်၊ ကိုဘော့လ်၊ မင်းဂနိစ်နှင့် ဝန်ကြီးဌာနက အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် သတ္တုများအတွက် ၁၀ ရာခိုင်နှုန်း၊

( ဂ ) စက်မှုတွင်းထွက်ကုန်ကြမ်း သို့မဟုတ် ကျောက်အတွက် ၅ ရာခိုင်နှုန်း။

၁၉။ (က) ပုဒ်မ ၁၈ အရ ဓာတ်သတ္တုခွန်ပေးဆောင်ရန်အလို့ငှာ ရောင်းချသည့် ဓာတ်သတ္တုတန်ဖိုး သည် ဓာတ်သတ္တုရောင်းချသည့် ပဋိညာဉ်ဖြင့် အမှန်တကယ်ရောင်းချသည့်တန်ဖိုးအတိုင်း ဖြစ်စေရမည်။

( ခ ) ပြည်တွင်း၌ နိုင်ငံခြားငွေဖြင့်ဖြစ်စေ၊ မြန်မာငွေဖြင့်ဖြစ်စေ ရောင်းချခြင်းအတွက် ရောင်းချသည့် ဈေးနှုန်း၊ ရောင်းချသည့်ပမာဏ၊ ပါဝင်သည့် သတ္တုစင်ရာခိုင်နှုန်းတို့ကို ရောင်းသူနှင့်ဝယ်သူ နှစ်ဦးနှစ်ဖက်တို့က ဓာတ်သတ္တုခွန်ပေးဆောင်ရန်အလို့ငှာ ဦးစီးဌာနသို့ ဆောလျင်စွာ တင်ပြရမည်။

( ဂ ) ပြည်ပသို့ ရောင်းချခြင်းဖြစ်လျှင် အရောင်းပဋိညာဉ်၊ ပို့ကုန်လိုင်စင်၊ ဘဏ်ငွေလွှဲလက်မှတ် သို့မဟုတ် ကြိုးမဲ့ကြေးနန်းဖြင့် ငွေလွှဲလက်မှတ်၊ ကုန်တင်တန်ဆာလက်မှတ်အထောက်အထား များကို ဓာတ်သတ္တုခွန်ပေးဆောင်ရန်အလို့ငှာ ဦးစီးဌာနသို့ ဆောလျင်စွာတင်ပြရမည်။

(ဃ) ဓာတ်သတ္တုခွန်ပေးဆောင်ခြင်းကို လုပ်ငန်းရှင်၏ငွေစာရင်းသို့ ရောင်းချရငွေ ဝင်သည့်အချိန် တွင် ပြည်ပအရောင်းဖြစ်ပါက နိုင်ငံခြားငွေဘဏ်မှ သက်ဆိုင်ရာဝန်ကြီးဌာန ငွေစာရင်း ခေါင်းစဉ်များသို့ တိုက်ရိုက်လွှဲပေးသည့်စနစ်ကို ကျင့်သုံးရမည်။ ပြည်တွင်းအရောင်းဖြစ်ပါက ရောင်းချသူမှ သက်ဆိုင်ရာဝန်ကြီးဌာန ငွေစာရင်းခေါင်းစဉ်များသို့ ဘဏ်မှ ပေးသွင်းသည့် စနစ်ကို ကျင့်သုံးရမည်။

( င ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့ ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် လုပ်ငန်း လုပ်ကိုင်သော လုပ်ငန်းရှင်များသည် ဓာတ်သတ္တုခွန်နှင့် အခြားအခကြေးငွေများ ပေးဆောင်

ခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှတစ်ဆင့်ဖြစ်စေ၊ သက်ဆိုင်ရာ ဝန်ကြီးဌာန ငွေစာရင်းခေါင်းစဉ်များသို့ တိုက်ရိုက်ပေးသွင်းသည့်စနစ်ဖြင့်ဖြစ်စေ ပေးဆောင် နိုင်သည်။"

၇။ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၂၉ တွင် ပါရှိသော **ဓာတ်သတ္တုထုတ်လုပ်ခြင်း** ဆိုသည့် စကားရပ်ကို **ခွင့်ပြုမိန့်မရှိဘဲ ဓာတ်သတ္တုထုတ်လုပ်ခြင်း** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ မြန်မာ့သတ္တုတွင်းဥပဒေတွင် -

(က) ပုဒ်မ ၃၀ တွင် ပါရှိသော **ထောင်ဒဏ် ၇ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။** ဆိုသည့် စကားရပ်ကို **ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး ၇ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ချမှတ်နိုင်သည်။** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၃၁ တွင် ပါရှိသော **ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၂၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။** ဆိုသည့် စကားရပ်ကို **ထောင်ဒဏ် အနည်းဆုံး ၃ လမှ အများဆုံး ၃ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ် ၅ သိန်းမှ အများဆုံး ကျပ် ၂၅ သိန်းအထိ ချမှတ်နိုင်သည်။** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၃၂ တွင် ပါရှိသော **ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ** ဆိုသည့် စကားရပ်ကို **ငွေဒဏ် အနည်းဆုံး ကျပ် ၂ သိန်းမှ အများဆုံး ကျပ် ၁၀ သိန်းအထိဖြစ်စေ** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မ ၃၃ တွင် ပါရှိသော **ငွေဒဏ်ကျပ် ၅၀၀၀ အထိဖြစ်စေ** ဆိုသည့် စကားရပ်ကို **ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ် ၅ သိန်းအထိဖြစ်စေ** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၆။ ဓာတ်သတ္တုထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသော လုပ်ငန်းရှင်နှင့် ဖက်စပ် သို့မဟုတ် အကျိုးတူလုပ်ငန်းလုပ်ကိုင်ခြင်းအတွက် အကျိုးအမြတ်အပေါ် ခွဲဝေခံစားသည့် စနစ် သို့မဟုတ် နှစ်ဦးနှစ်ဖက်ထည့်ဝင်မှုအပေါ် အခြေခံသည့် အမြတ်ခွဲဝေမှုစနစ်ဖြင့် လုပ်ကိုင် ရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### တရားရုံးများကို မထီမဲ့မြင်ပြုမှုဆိုင်ရာနည်းဥပဒေများ

### အမိန့်ကြော်ငြာစာအမှတ် (၇၂၀/၂၀၁၃)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက် )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေပုဒ်မ ၁၅ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **တရားရုံးများကို မထီမဲ့မြင်ပြုမှုဆိုင်ရာနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် အကြောင်းအရာအရဖြစ်စေ၊ စကားစပ်အရဖြစ်စေ၊ ရှေ့နောက်မဆက်စပ်မှု၊ မညီညွတ်မှုတစ်စုံတစ်ရာမျှ မရှိခဲ့လျှင် -

(က) **ဥပဒေ**ဆိုသည်မှာ တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေကို ဆိုသည်။

(ခ) **လက်ထောက်ညွှန်ကြားရေးမှူး**ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်ရှိ အမှုလက်ခံသူ လက်ထောက်ညွှန်ကြားရေးမှူးကို ဆိုသည်။

(ဂ) **တရားရေးဦးစီးမှူး**ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားရေး ဦးစီးမှူးကို ဆိုသည်။

(ဃ) ဤနည်းဥပဒေများတွင် သုံးစွဲထားသော အခြားစကားရပ်များ၊ ဖော်ပြချက်များနှင့်စပ်လျဉ်း၍ နည်းဥပဒေများတွင် အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိပါက တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေတွင် ဖွင့်ဆိုထားသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

## အခန်း (၂)
## လျှောက်ထားခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း

### လျှောက်ထားခြင်း

၃။ (က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ စစ်ဘက်ဆိုင်ရာတရားရုံး သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို မထီမဲ့မြင်ပြုမှုအတွက် လျှောက်ထားလွှာကို သက်ဆိုင်ရာတရားရုံးမှ တာဝန်ပေးအပ်ခံရသူတစ်ဦးဦးက လျှောက်ထားရမည်။

(ခ) အထက်အပိုဒ် (က) ပါ တရားရုံးများမှအပ တရားရုံးတစ်ရုံးရုံးကို မထီမဲ့မြင်ပြုမှုအတွက် လျှောက်ထားလွှာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ပေးအပ်ခံရသူတစ်ဦးဦးက လျှောက်ထားရမည်။

(ဂ) နစ်နာသူ အမှုသည်တစ်ဦးဦးသည် တရားရုံးတစ်ရုံးရုံးကို မထီမဲ့မြင်ပြုမှုအတွက် ကိုယ်တိုင် လျှောက်ထားရမည်။

### လျှောက်လွှာပုံစံ

၄။ ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှုလျှောက်ထားသည့် လျှောက်လွှာတွင် တရားရုံးများကို ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှုလျှောက်လွှာဟုလည်းကောင်း၊ တရားမဆိုင်ရာမထီမဲ့မြင်ပြုမှုလျှောက်ထားသည့် လျှောက်လွှာတွင် တရားရုံးများကို တရားမဆိုင်ရာမထီမဲ့မြင်ပြုမှုလျှောက်လွှာဟုလည်းကောင်း ဖော်ပြရမည်။

### အမှုသည်များ

၅။ တရားရုံးများ မထီမဲ့မြင်ပြုမှုလျှောက်လွှာတင်သွင်းသူအား လျှောက်ထားသူဟူ၍လည်းကောင်း၊ လျှောက်လွှာတင်သွင်းခံရသူအား လျှောက်ထားခံရသူဟုလည်းကောင်း ဖော်ပြရမည်။

### အခြားဖော်ပြရမည့်အချက်များ

၆။ တရားရုံးများ မထီမဲ့မြင်ပြုမှုလျှောက်ထားလွှာတွင် အောက်ပါအချက်များကို ဖော်ပြရမည် -

(က) လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ အမည်၊ ဖခင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အသက်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာ၊

(ခ) လျှောက်ထားခံရသူ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသည့် ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှု သို့မဟုတ် တရားမဆိုင်ရာမထီမဲ့မြင်ပြုမှုနှင့်ဆိုင်သည့် အကြောင်းအရာနှင့် ကျူးလွန်သည့်နေ့ရက်၊

(ဂ) လျှောက်ထားလွှာတွင် ဖော်ပြပါရှိသည့်အချက်များအား ပြည့်စုံစွာဖော်ပြသည့် ကျမ်းကျိန်လွှာ ပူးတွဲပါရှိစေရမည်။

(ဃ) လျှောက်ထားလွှာကို လျှောက်ထားသူနှင့် ၎င်း၏ရှေ့နေ (ရှိလျှင်) က လက်မှတ်ရေးထိုးရမည်။

(င) တရားမဆိုင်ရာမထီမဲ့မြင်ပြုမှုလျှောက်ထားလွှာတွင် လျှောက်ထားလွှာနှင့်အတူ လျှောက်ထားခံရသူက တမင်သက်သက်မလိုက်နာသည့် တရားရုံးတစ်ရုံးက ချမှတ်သော စီရင်ချက်၊ ဒီကရီ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ထုတ်ဆင့်သည့် ဆင့်စာတာဝန်ခံမိတ္တူမှန်ကို ပူးတွဲတင်ပြရမည်။

(စ) လျှောက်ထားသူက မိမိ၏လက်ဝယ်ရှိ သို့မဟုတ် စီမံခန့်ခွဲခွင့်ရှိသည့် စာရွက်စာတမ်းများကို အထောက်အထားပြုပါက ယင်းစာရွက်စာတမ်းမူရင်းများကို လျှောက်ထားလွှာနှင့်အတူ တင်ပြရမည်။ မိမိလက်ဝယ်မရှိသည့် သို့မဟုတ် စီမံခန့်ခွဲခွင့်မရှိသည့် အခြားစာရွက်စာတမ်းများကို အထောက်အထားပြုပါက အဆိုပါစာရွက်စာတမ်းများ၏ တာဝန်ခံမိတ္တူမှန်စာရွက်စာတမ်းများကို တင်ပြနိုင်သည်။

## အခန်း (၃)
## လျှောက်ထားလွှာကို ကနဦးစိစစ်ခြင်း

၇။ တရားလွှတ်တော် လက်ထောက်ညွှန်ကြားရေးမှူးသည် လျှောက်ထားလွှာကို လက်ခံရရှိသည့်အခါ လျှောက်ထားလွှာတွင် လိုအပ်သည့် စာရွက်စာတမ်းများနှင့် ကျမ်းကျိန်လွှာများ ပူးတွဲတင်ပြထားခြင်း ရှိ မရှိ စိစစ်ရမည်။ ပြည့်စုံမှုရှိလျှင် -

(က) တရားမဆိုင်ရာမထီမဲ့မြင်ပြုမှုကို တရားမအထွေထွေမှု ဖွင့်လှစ်ဆောင်ရွက်ရမည်။

(ခ) ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှုကို ပြစ်မှုဆိုင်ရာအထွေထွေမှု ဖွင့်လှစ်ဆောင်ရွက်ရမည်။

၈။ လက်ထောက်ညွှန်ကြားရေးမှူးသည် လျှောက်ထားလွှာများကို စိစစ်ရာတွင် အောက်ဖော်ပြပါကိစ္စရပ်များကို တွေ့ရှိပါက ပြည့်စုံစွာဆောင်ရွက်နိုင်ရန် မှတ်ချက်ပြု၍ လျှောက်ထားလွှာအား ပြန်လည်ပေးရမည် -

(က) လိုအပ်သည့် စာရွက်စာတမ်းများနှင့် ကျမ်းကျိန်လွှာများ ပူးတွဲတင်ပြထားခြင်းမရှိဘဲ လျှောက်ထားခြင်း၊

(ခ) လျှောက်ထားရသည့် အကြောင်းပြချက်များနှင့် အကြောင်းအရာများကို ကျမ်းကျိန်လွှာတွင် ပြည့်စုံစွာဖော်ပြမှုမရှိဘဲ လျှောက်ထားခြင်း။

၉။ လက်ထောက်ညွှန်ကြားရေးမှူးသည် ပြည့်စုံစွာဖော်ပြထားသော လျှောက်ထားလွှာကို ဆက်လက်ဆောင်ရွက်ရန်အတွက် တရားရေးဦးစီးမှူးထံ တင်ပြရမည်။

## အခန်း (၄)
## ရှေ့ဦးစွာကြားနာစစ်ဆေးခြင်း

၁၀။ တရားရေးဦးစီးမှူးသည် လျှောက်ထားမှုကို ရှေ့ဦးစွာကြားနာရေးအတွက် တာဝန်ပေးအပ်နိုင်ရန် တရားလွှတ်တော်တရားသူကြီးချုပ်ထံ တင်ပြရမည်။

၁၁။ တရားလွှတ်တော်တရားသူကြီးချုပ်သည် ကိုယ်တိုင်ဖြစ်စေ၊ တရားလွှတ်တော်တရားသူကြီးတစ်ဦးကို ဖြစ်စေ၊ တရားလွှတ်တော်တရားသူကြီးတစ်ဦးထက်ပို၍ ပါဝင်သော ခုံရုံးဖွဲ့စည်း၍ဖြစ်စေ လျှောက်ထားမှုကို ရှေ့ဦးစွာကြားနာရန် တာဝန်ပေးရမည်။

၁၂။ တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တရားလွှတ်တော်တရားသူကြီး သို့မဟုတ် ခုံရုံးသည် လျှောက်ထားသူအား ရှေးဦးစွာကြားနာပြီး လျှောက်ထားခံရသူက ပြစ်မှုကျူးလွန်တန်ရာသည်ဟု ကနဦး အထောက်အထားပေါ်ပေါက်ပါက လျှောက်ထားခံရသူထံ ဆင့်စာ သို့မဟုတ် အကြောင်းကြားစာ ထုတ်ဆင့်ရန် အမိန့် ချမှတ်ရမည်။ ကနဦးအထောက်အထားမပေါ်ပေါက်ပါက လျှောက်ထားလွှာကို ပလပ် ရမည်။

## အခန်း (၅)
## အမိန့်ဆင့်စာ ထုတ်ဆင့်ခြင်း

၁၃။ တရားရုံးများ မထီမဲ့မြင်ပြုသူထံ ထုတ်ဆင့်သည့် တရားလွှတ်တော်၏ဆင့်စာ သို့မဟုတ် အကြောင်း ကြားစာတိုင်းတွင် လျှောက်ထားလွှာမိတ္တူ၊ လျှောက်ထားလွှာနှင့်အတူ တင်ပြသည့် စာရွက်စာတမ်းမိတ္တူ များနှင့် ကျမ်းကျိန်လွှာမိတ္တူများ ပူးတွဲပါရှိစေရမည်။

၁၄။ တရားလွှတ်တော်က ထုတ်ပြန်သည့် အဆိုပါဆင့်စာ သို့မဟုတ် အကြောင်းကြားစာများကို တရား လွှတ်တော် လက်ထောက်ညွှန်ကြားရေးမှူးက နေ့စွဲဖော်ပြ၍ လက်မှတ်ရေးထိုးရမည်။ ၎င်းပြင် အဆိုပါဆင့်စာ သို့မဟုတ် အကြောင်းကြားစာများကို ရုံးတံဆိပ်ရိုက်နှိပ်ရမည်။

၁၅။ အကယ်၍ အခြားနည်းဖြင့် ညွှန်ကြားမှုမရှိလျှင် ဤနည်းဥပဒေအရ ထုတ်ဆင့်သည့် ဆင့်စာ သို့မဟုတ် အကြောင်းကြားစာများကို လျှောက်ထားခံရသူထံ အရောက်ပေးပို့ရမည်။

၁၆။ ဆင့်စာ သို့မဟုတ် အကြောင်းကြားစာများကို တရားမကျင့်ထုံးဥပဒေတွင် ဖော်ပြပါရှိသည့်ပုံစံဖြင့် ထုတ်ဆင့်နိုင်သည်။

၁၇။ ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှုတွင် လျှောက်ထားခံရသူသည် ထွက်ပြေးတိမ်းရှောင်နေလျှင် သို့မဟုတ် ထွက်ပြေးတိမ်းရှောင်နိုင်ဖွယ်ရှိသည်ဟု တရားလွှတ်တော်က ယုံကြည်ပါက အာမခံပေးနိုင်သော လူဖမ်းဝရမ်း ထုတ်ဆင့်နိုင်သည်။ အဆိုပါဝရမ်းကို ရာဇဝတ်ကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း အတည်ပြု ပေးရမည်။

၁၈။ တရားရုံးကို မထီမဲ့မြင်ပြုမှုဖြင့် လျှောက်ထားခံရသူတစ်ဦး တရားလွှတ်တော်ရှေ့ရောက်ရှိသည့်အခါ သို့မဟုတ် တရားလွှတ်တော်ရှေ့သို့ တင်ပို့လာသည့်အခါ ထိုသူသည် အချုပ်ခံနေရပါက၊ ၎င်းအား အာမခံ ပေးရန်သင့်သည်ဟု တရားလွှတ်တော်က ထင်မြင်ယူဆပါက လုံလောက်သောအာမခံငွေပါ ခံဝန်ချက်ဖြင့် အာမခံသူများပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ၎င်းအား လွှတ်ထားနိုင်သည်။ သို့ရာတွင် ခြွင်းချက်အနေဖြင့် တရားလွှတ်တော်က သင့်သည်ဟု ယူဆလျှင် ထိုသူထံမှ အာမခံငွေတောင်းခံမည့်အစား ကိုယ်တိုင် ခံဝန်ချုပ်ဖြင့် လွှတ်ထားနိုင်သည်။

၁၉။ ရာဇဝတ်ကျင့်ထုံးဥပဒေပါ ခံဝန်ချုပ်ဆိုင်ရာပြဋ္ဌာန်းချက်များသည် ဤနည်းဥပဒေအရ ချုပ်ဆိုသည့် ခံဝန်ချုပ်များနှင့် တတ်နိုင်သမျှ အကျုံးဝင်သက်ဆိုင်စေရမည်။

၂၀။ တရားမဆိုင်ရာမထီမဲ့မြင်ပြုမှုတွင် တရားလွှတ်တော်က ဆင့်စာ သို့မဟုတ် အကြောင်းကြားစာများ ထုတ်ဆင့်သည့်အခါ လျှောက်ထားခံရသူကိုယ်တိုင် တရားလွှတ်တော်သို့ လာရောက်ခြင်းကို ကင်းလွတ်ခွင့် ပေးနိုင်သည်။ ၎င်းပြင် လျှောက်ထားခံရသူကိုယ်စား ၎င်း၏ရှေ့နေလာရောက်ခြင်းကိုလည်း ခွင့်ပြုနိုင်သည်။

၂၁။ တရားလွှတ်တော်၏ ချင့်ချိန်မြော်မြင်မှုအရ အမှု၏အခြေအနေကို သုံးသပ်၍ လျှောက်ထားခံရသူ ကိုယ်တိုင် လာရောက်စေရန်လည်း ညွှန်ကြားနိုင်သည်။ လိုအပ်ပါက လျှောက်ထားခံရသူကိုယ်တိုင် တရား လွှတ်တော်ရှေ့ ရောက်ရှိစေရန် အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်အတိုင်း မဖြစ်မနေအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

**ပြန်ကြားလွှာတင်သွင်းခြင်း**

၂၂။ လျှောက်ထားခံရသူသည် ဆင့်စာ သို့မဟုတ် အကြောင်းကြားစာလက်ခံရရှိသည့်အခါ ပြန်ကြားလွှာကို ကျမ်းကျိန်လွှာများ ပူးတွဲ၍ တရားလွှတ်တော်က သတ်မှတ်ထားသည့်ရက်အတွင်း တင်သွင်းနိုင်သည်။

## အခန်း (၆)
## အပြီးသတ်ကြားနာစစ်ဆေးခြင်း

၂၃။ လျှောက်ထားမှုကို အပိုဒ် ၁၂ အရ ရှေးဦးစွာကြားနာခဲ့သည့် တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တရားလွှတ်တော်တရားသူကြီး သို့မဟုတ် ခုံရုံးသည် လျှောက်ထားသူနှင့် ၎င်း၏ရှေ့နေ (ရှိလျှင်)၊ လျှောက်ထားခံရသူနှင့် ၎င်း၏ရှေ့နေ (ရှိလျှင်) တို့အား အပြီးသတ်ကြားနာရမည်။

၂၄။ လျှောက်ထားခံရသူသည် ရှေ့နေဖြင့် ခုခံချေပခွင့်ရှိစေရမည်။

## အခန်း (၇)
## ပြစ်ဒဏ်ချမှတ်ခြင်း

၂၅။ တရားလွှတ်တော်သည် တရားရုံးကို ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှုကျူးလွန်သူကသော်လည်းကောင်း၊ တရားမဆိုင်ရာမထီမဲ့မြင်ပြုမှုကျူးလွန်သူကသော်လည်းကောင်း ခြွင်းချက်မရှိ ကျေနပ်လောက်အောင် ဝန်ချတောင်းပန်လျှင် ထိုသူအား သတိပေးပြီး အပြစ်မှလွှတ်နိုင်သည် သို့မဟုတ် ပြစ်ဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့် ပြုနိုင်သည်။

၂၆။ အကယ်၍ လျှောက်ထားခံရသူတစ်ဦးသည် ၎င်းတွင် အပြစ်ရှိကြောင်း ဝန်ခံလျှင် ၎င်း၏လျှောက်လဲချက်ကို တရားလွှတ်တော်က မှတ်တမ်းတင်ထားပြီး သင့်သည် ထင်မြင်သည့်အလျောက် ထိုသူအား အပြစ်ဒဏ်ပေးနိုင်သည်။

၂၇။ အကယ်၍ လျှောက်ထားခံရသူသည် အပြစ်မရှိဟု ငြင်းကွယ်လျှင် သို့မဟုတ် အပြစ်ရှိကြောင်း ဝန်ခံမှုမပြုလျှင် သို့မဟုတ် ၎င်းတွင် အပြစ်ရှိကြောင်း ဝန်ခံသော်လည်း တရားလွှတ်တော်သည် တင်သွင်းထားသည့် ကျမ်းကျိန်လွှာများနှင့် နှစ်ဖက်လျှောက်လဲချက်များအရ ဆုံးဖြတ်နိုင်သည် သို့မဟုတ် တရားလွှတ်တော်က သင့်သည်ဟု ယူဆသည့်အတိုင်း နောက်ထပ်သက်သေခံချက်များ ရယူ၍ ဆုံးဖြတ်နိုင်သည်။

## အခန်း (၈)
## သက်သေခံချက်ရယူရန်နည်းလမ်း

၂၈။ တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေနှင့် နည်းဥပဒေတို့တွင် အခြားနည်းပြဋ္ဌာန်းထားသည်မှတစ်ပါး တရားရုံးများ မထီမဲ့မြင်ပြုမှုစစ်ဆေးရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေအခန်း ၂၂ ပါ အကျဉ်းနည်းစစ်ဆေးသည့် လုပ်ထုံးလုပ်နည်းကို လက်တွေ့ကျင့်သုံးနိုင်သမျှ ကျင့်သုံးရမည်။

၂၉။ တရားလွှတ်တော်သည် မိမိ၏ဆင်ခြင်တုံတရားအရ သက်သေခံချက်များကို ကျမ်းကျိန်လွှာပုံစံဖြင့် တင်ပြရန် ညွှန်ကြားနိုင်သည်။

၃၀။ တရားလွှတ်တော်သည် မိမိသဘောအရဖြစ်စေ၊ ဤကိစ္စအတွက် လျှောက်ထားချက်အရဖြစ်စေ ကျမ်းကျိန်လွှာတင်သွင်းထားသူအား ပြန်လှန်စစ်မေးရန်အတွက် တရားရုံးတွင် လာရောက်စေရန် အမိန့်ချမှတ်နိုင်သည်။

၃၁။ တရားလွှတ်တော်သည် မည်သူ့ကိုမဆို သက်သေအဖြစ် စစ်ဆေးရန်နှင့် စာရွက်စာတမ်းများကို တင်ပြစေရန် အမိန့်ချမှတ်နိုင်သည်။

**သက်သေစရိတ်**

၃၂။ တရားလွှတ်တော်က တစ်ဦးတစ်ယောက်အား သက်သေအဖြစ် လာရောက်ရန် ဆင့်ခေါ်ပါက ထိုသက်သေအတွက် သက်သေစရိတ်ကို ဆင့်ခေါ်ရန်တင်ပြသည့်အမှုသည်မှ ပေးစေရန် အမိန့်ချမှတ်ရမည်။

၃၃။ အမှုသည်က တင်ပြခြင်းမဟုတ်ဘဲ တရားလွှတ်တော်က မိမိသဘောအရ ဆင့်ခေါ်ခြင်းဖြစ်လျှင် ထိုသက်သေအတွက် သက်သေစရိတ်ကို ဌာနဆိုင်ရာငွေစာရင်းမှ ကျခံရမည်။

## အခန်း (၉)
## ပြစ်ဒဏ်အတည်ပြုလုပ်ခြင်း

၃၄။ လျှောက်ထားခံရသူအပေါ် အပြစ်ရှိကြောင်း တွေ့ရှိပြီး ၎င်းအား ထောင်ဒဏ်ချမှတ်ပါက ထောင်ချဝရမ်းကို သတ်မှတ်သည့်ပုံစံဖြင့် တရားရေးဦးစီးမှူး သို့မဟုတ် ၎င်းက တာဝန်ပေးအပ်ထားသည့် အရာရှိက လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာအကျဉ်းထောင်သို့ ပေးပို့ရမည်။

၃၅။ တရားလွှတ်တော်က မထီမဲ့မြင်ပြုမှုကျူးလွန်ခြင်းအတွက် ငွေဒဏ်ချမှတ်ပါက ငွေဒဏ်ချမှတ်ခံရသူက ထိုဒဏ်ငွေကို ချက်ချင်း သို့မဟုတ် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၈၈ အရ သတ်မှတ်သည့်အချိန်အတွင်း မပေးဆောင်လျှင် တရားရေးဦးစီးမှူးသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၈၆ တွင် ပြဋ္ဌာန်းထားသည့် ဒဏ်ငွေအရ ကောက်ခံရန်နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။ သို့ရာတွင် တရားမဆိုင်ရာမထီမဲ့မြင်ပြုမှု ကျူးလွန်ခြင်းအတွက် ငွေဒဏ်ချမှတ်ရာ၌ ငွေဒဏ်မဆောင် ပျက်ကွက်မှုအတွက် ထောင်ဒဏ် ချမှတ်ခြင်းမပြုရ။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
ပြည်ထောင်စုတရားလွှတ်တော်ချုပ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် )

အမှတ် ၆၅ ။ ။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၈/၂၀၁၃) ၏ သဘောတူညီချက်အရ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ စက်မှုဌာနခွဲမှ လက်ထောက်အင်ဂျင်နီယာ လစာနှုန်း (၁၂၀,၀၀ဝ-၂,၀၀ဝ-၁၃၀,၀၀ဝ) ဦးဇော်ဝင်းအား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်မှ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့အထိ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ငြင်းပယ်လိုက်သည်။

အမှတ် ၆၆ ။ ။ အဆိုပါ ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၃ ရက်မှ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက် )

အမှတ် ၆၇ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အောက်ဖော်ပြပါ အမှုထမ်း (၂၁) ဦးတို့အား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး/လစာနှုန်း |
|---|---|---|---|
| (က) | ဒေါ်စိမ်းလဲ့လဲ့ | အနုပညာရှင် (၁) (သံစုံ) (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) အသံလွှင့်ဌာနခွဲ | ဦးစီးအရာရှိ (သံစုံ) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အသံလွှင့်ဌာနခွဲ |
| (ခ) | ဒေါ်ဥမ္မာချို | အနုပညာရှင် (၁) (သံစုံ) (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) အသံလွှင့်ဌာနခွဲ | ဦးစီးအရာရှိ (သံစုံ) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အသံလွှင့်ဌာနခွဲ |
| (ဂ) | ဦးကျော်မင်းဦး | အနုပညာရှင် (၁) (သံစုံ) (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) အသံလွှင့်ဌာနခွဲ | ဦးစီးအရာရှိ (သံစုံ) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အသံလွှင့်ဌာနခွဲ |
| (ဃ) | ဦးဆန်းမြင့် | အနုပညာရှင် (၁) (သံစုံ) (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) အသံလွှင့်ဌာနခွဲ | ဦးစီးအရာရှိ (သံစုံ) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အသံလွှင့်ဌာနခွဲ |
| (င) | ဦးအောင်ဗိုလ်ဗိုလ် | အနုပညာရှင် (၁) (သံစုံ) (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) အသံလွှင့်ဌာနခွဲ | ဦးစီးအရာရှိ (သံစုံ) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အသံလွှင့်ဌာနခွဲ |
| (စ) | ဦးကျော်လွင် | ရုပ်သံကျွမ်းကျင်-၁ (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) ရုပ်မြင်သံကြားဌာနခွဲ | ဦးစီးအရာရှိ (ထုတ်လုပ်) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရုပ်မြင်သံကြားဌာနခွဲ |
| (ဆ) | ဒေါ်ခိုင်ခိုင်ထွန်း | ရုပ်သံကျွမ်းကျင်-၁ (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ) | ဦးစီးအရာရှိ (ထုတ်လွှင့်) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ) |
| (ဇ) | ဒေါ်မျိုးသီတာမြင့် | ရုပ်သံကျွမ်းကျင်-၁ (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ) | ဦးစီးအရာရှိ (အစီအစဉ်) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ) |
| (ဈ) | ဒေါ်ခင်စန်းယု | ရုပ်သံကျွမ်းကျင်-၁ (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ) | ဦးစီးအရာရှိ (Post Production) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ) |

| စဉ် | အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး/လစာနှုန်း |
|---|---|---|---|
| (ည) | ဒေါ်ကြွယ်ကြွယ်ထိုက် | ရုပ်သံကျွမ်းကျင်-၁ (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ) | ဦးစီးအရာရှိ (Anchor) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ) |
| (ဋ) | ဒေါ်စုမမထွန်း | ရုပ်သံကျွမ်းကျင်-၁ (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ) | ဦးစီးအရာရှိ (အယ်ဒီတာ) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ) |
| (ဌ) | ဒေါ်ညွန့်ညွန့်ရီ | ရုပ်သံကျွမ်းကျင်-၁ (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ) | ဦးစီးအရာရှိ (ထုတ်လုပ်/စတူဒီယို) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ) |
| (ဍ) | ဒေါ်ဖြိုးဖြိုးမြင့် | ရုပ်သံကျွမ်းကျင်-၁ (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ) | ဦးစီးအရာရှိ (ထုတ်လုပ်/ပြင်ပ) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ) |
| (ဎ) | ဒေါ်အေးအေးကျင် | ရုပ်သံကျွမ်းကျင်-၁ (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ) | ဦးစီးအရာရှိ (ထုတ်လုပ်/ပြင်ပ) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ) |
| (ဏ) | ဒေါ်စမ်းသီတာခင် | ရုပ်သံကျွမ်းကျင်-၁ (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) သတင်းထုတ်လွှင့်ရေးဌာနခွဲ | ဦးစီးအရာရှိ (သတင်းထုတ်လွှင့်) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) သတင်းထုတ်လွှင့်ရေးဌာနခွဲ |
| (တ) | ဦးကျော်သက်လင်း | ရုပ်သံကျွမ်းကျင်-၁ (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) သတင်းထုတ်လွှင့်ရေးဌာနခွဲ | ဦးစီးအရာရှိ (သတင်းထုတ်လွှင့်) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) သတင်းထုတ်လွှင့်ရေးဌာနခွဲ |
| (ထ) | ဦးအောင်ညီရ | အီလက်ထရောနစ်ကျွမ်းကျင်-၁ (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) စက်မှုဌာနခွဲ |
| (ဒ) | ဦးအောင်မျိုးသိန်း | အီလက်ထရောနစ်ကျွမ်းကျင်-၁ (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) စက်မှုဌာနခွဲ |
| (ဓ) | ဦးကိုကိုမင်း | အီလက်ထရောနစ်ကျွမ်းကျင်-၁ (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) စက်မှုဌာနခွဲ |

| စဉ် | အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး/လစာနှုန်း |
|---|---|---|---|
| (န) | ဒေါ်သန်းငွေ | အီလက်ထရောနစ်ကျွမ်းကျင်-၁ (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) စက်မှုဌာနခွဲ |
| (ပ) | ဦးတန်ကျင့်ထွန်း | အီလက်ထရောနစ်ကျွမ်းကျင်-၁ (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) စက်မှုဌာနခွဲ |

## (ဝန်ကြီးရုံး)

အမှတ် ၆၈ ။ ။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၀/၂၀၁၃) မှ သဘောတူညီချက်အရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အောက်ဖော်ပြပါ အရာထမ်း (၅) ဦးအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | အမည် | မူလရာထူး/လစာနှုန်း | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး/လစာနှုန်း |
|---|---|---|---|
| (က) | ဒေါ်စိမ်းလဲ့လဲ့ | ဦးစီးအရာရှိ (သံစုံ) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အသံလွှင့်ဌာနခွဲ | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဝန်ကြီးရုံး၊ အဖွဲ့ခွဲ (၂) |
| (ခ) | ဒေါ်ဥမ္မာချို | ဦးစီးအရာရှိ (သံစုံ) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အသံလွှင့်ဌာနခွဲ | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| (ဂ) | ဦးကျော်မင်းဦး | ဦးစီးအရာရှိ (သံစုံ) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အသံလွှင့်ဌာနခွဲ | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| (ဃ) | ဦးဆန်းမြင့် | ဦးစီးအရာရှိ (သံစုံ) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အသံလွှင့်ဌာနခွဲ | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| (င) | ဦးအောင်ဗိုလ်ဗိုလ် | ဦးစီးအရာရှိ (သံစုံ) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အသံလွှင့်ဌာနခွဲ | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |

## (ဝန်ကြီးရုံး)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် )

အမှတ် ၆၉။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၂) ဦးတို့အား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး/လစာနှုန်း |
|---|---|---|---|
| (က) | ဦးစိုးမြင့် | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) ပြန်/ဆက်ဌာနခွဲ၊ ရုံးချုပ် | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ပြန်/ဆက်ဌာနခွဲ၊ ရုံးချုပ် |
| (ခ) | ဦးမျိုးသန့် | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) ပြန်/ဆက်ဌာနခွဲ၊ ရုံးချုပ် | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ပြန်/ဆက်ဌာနခွဲ၊ ရုံးချုပ် |

## (ဝန်ကြီးရုံး)

အမှတ် ၇၀။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၂၂) ဦးတို့အား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး/လစာနှုန်း |
|---|---|---|---|
| (က) | ဒေါ်မြင့်မြင့်မော် | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) ကျောက်မဲခရိုင်ရုံး | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရန်ကုန် (အနောက်ပိုင်း) ခရိုင်ရုံး |
| (ခ) | ဒေါ်မူမူတင် | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) မြောက်ဥက္ကလာပမြို့နယ်ရုံး | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရမည်းသင်းခရိုင်ရုံး |
| (ဂ) | ဒေါ်ကြင်ကြင်သန်း | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) ကော့သောင်းခရိုင်ရုံး | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ကော့သောင်းခရိုင်ရုံး |
| (ဃ) | ဒေါ်နုနုစိန် | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) ထုတ်လုပ်ရေးဌာနခွဲ၊ ဓာတ်ပုံဌာနစု | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ထုတ်လုပ်ရေးဌာနခွဲ၊ ဓာတ်ပုံဌာနစု |
| (င) | ဦးကျော်စွာမြင့် | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) ဖရူဆိုမြို့နယ်ရုံး | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) စီမံခန့်ခွဲရေးဌာနခွဲ၊ ရုံးချုပ် |

| စဉ် | အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး/လစာနှုန်း |
|---|---|---|---|
| (စ) | ဦးအေးသိမ့် | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) စီမံခန့်ခွဲရေးဌာနခွဲ၊ ရုံးချုပ် | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) စီမံခန့်ခွဲရေးဌာနခွဲ၊ ရုံးချုပ် |
| (ဆ) | ဒေါ်ခင်မမ | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) အလုံမြို့နယ်ရုံး | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) မော်လိုက်ခရိုင်ရုံး |
| (ဇ) | ဒေါ်အေးမြမွန် | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) မုံရွာခရိုင်ရုံး | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) မုံရွာခရိုင်ရုံး |
| (စျ) | ဦးအားဖျော့ (ခ) ဦးအေးမောင် | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) ကျိုင်းတုံခရိုင်ရုံး | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ကျိုင်းတုံခရိုင်ရုံး |
| (ည) | ဒေါ်သီတာအေး | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) ဗန်းမော်ခရိုင်ရုံး | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဒက္ခိဏခရိုင်ရုံး |
| (ဋ) | ဒေါ်နန်းဆိုင်စိန် | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) ကျောက်တလုံးမြို့နယ်ခွဲရုံး | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) လွိုင်လင်ခရိုင်ရုံး |
| (ဌ) | ဒေါ်ရီရီလွင် | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) ပုဇွန်တောင်မြို့နယ်ရုံး | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဘားအံခရိုင်ရုံး |
| (ဍ) | ဒေါ်ဆွေဆွေမိုး | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) အုတ်တွင်းမြို့နယ်ရုံး | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဥတ္တရခရိုင်ရုံး |
| (ဎ) | ဒေါ်ခင်မိုးခက် | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) ဝန်းသိုမြို့နယ်ရုံး | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဘော်လခဲခရိုင်ရုံး |
| (ဏ) | ဦးဇော်မိုးအောင် | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) သံတွဲခရိုင်ရုံး | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) သံတွဲခရိုင်ရုံး |
| (တ) | ဦးသန်းဇော်ဦး | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) မိုင်းဖြတ်ခရိုင်ရုံး | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) မိုင်းဆတ်ခရိုင်ရုံး |
| (ထ) | ဒေါ်ငုချိုချိုကျော် | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) မိုင်းပြင်းမြို့နယ်ရုံး | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) မက်မန်းခရိုင်ရုံး |

| စဉ် | အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး/လစာနှုန်း |
|---|---|---|---|
| (ဒ) | ဒေါ်ကေသွယ်ဟန် | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) မူဆယ်ခရိုင်ရုံး | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ကျောက်မဲခရိုင်ရုံး |
| (ဓ) | ဒေါ်မြင့်မြင့်ဆွေ | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) အောင်လံမြို့နယ်ရုံး | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) သရက်ခရိုင်ရုံး |
| (န) | ဦးအောင်ဇော်ဦး | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) ထုတ်လုပ်ရေးဌာနခွဲ၊ ရုံးချုပ် | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ထုတ်လုပ်ရေးဌာနခွဲ၊ ရုံးချုပ် |
| (ပ) | ဒေါ်နှင်းရည် | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ၊ ရုံးချုပ် | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) မြင်းခြံခရိုင်ရုံး |
| (ဖ) | ဦးဇော်ငွေအောင် | ဒုတိယဦးစီးမှူး (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) ဟုမ္မလင်းမြို့နယ်ရုံး | ဦးစီးအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဟားခါးခရိုင်ရုံး |

## (ဝန်ကြီးရုံး)

အမှတ် ၇၁ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စာပေလက်ထောက် (၁) အား ယင်းနှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး/လစာနှုန်း |
|---|---|---|
| ဒေါ်သင်းသင်းဦး | စာပေလက်ထောက် (၁) (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) ထုတ်လုပ်ရေးဌာနခွဲ | စာတည်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ထုတ်လုပ်ရေးဌာနခွဲ |

## (ဝန်ကြီးရုံး)

အမှတ် ၇၂ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ အောက်ဖော်ပြပါ အမှုထမ်း (၁၂) ဦးတို့အား ယင်းတို့နှင့်ယှဉ်တွဲပါ ရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး/လစာနှုန်း |
|---|---|---|---|
| (က) | ဦးစန်းငွေ | ပုံနှိပ်ကျွမ်းကျင်-၁ (စာစီ) (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) | ဌာနခွဲမှူး (ပုံနှိပ်) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |

| စဉ် | အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး/လစာနှုန်း |
|---|---|---|---|
| (ခ) | ဒေါ်အေးအေးရွှေ | ပုံနှိပ်ကျွမ်းကျင်-၁ (စီစဉ်ရေး) (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) | ဌာနခွဲမှူး (ပုံနှိပ်) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (ဂ) | ဦးငွေးလွင် | ပုံနှိပ်ကျွမ်းကျင်-၁ (စာစီ) (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) | ဌာနခွဲမှူး (ပုံနှိပ်) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (ဃ) | ဒေါ်နန်းဇင်မာဝင်း | ပုံနှိပ်ကျွမ်းကျင်-၁ (စီစဉ်ရေး) (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) | ဌာနခွဲမှူး (ပုံနှိပ်) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (င) | ဒေါ်မြမြငွေ | ပုံနှိပ်ကျွမ်းကျင်-၁ (စီစဉ်ရေး) (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) | ဌာနခွဲမှူး (ပုံနှိပ်) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (စ) | ဦးညွန့်ဝင်း | ပုံနှိပ်ကျွမ်းကျင်-၁ (စက်) (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) | ဌာနခွဲမှူး (ပုံနှိပ်) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (ဆ) | ဒေါ်ခင်စန်းရီ | ပုံနှိပ်ကျွမ်းကျင်-၁ (ဓာတ်ပုံ) (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) | ဌာနခွဲမှူး (ပုံနှိပ်) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (ဇ) | ဒေါ်ခိုင်စန္ဒာမင်း | ပုံနှိပ်ကျွမ်းကျင်-၁ (ဓာတ်ပုံ) (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) | ဌာနခွဲမှူး (ပုံနှိပ်) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (ဈ) | ဦးမောင်ဝေဖြိုး | အငယ်တန်းအင်ဂျင်နီယာ-၁ (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) | ဌာနခွဲမှူး (စက်မှုလက်မှု) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (ည) | ဦးမောင်မောင်ကျော်ဇင် | အငယ်တန်းအင်ဂျင်နီယာ-၁ (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) | ဌာနခွဲမှူး (စက်မှုလက်မှု) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (ဋ) | ဒေါ်ဇင်မင်းခိုင် | စာရင်းကိုင်-၁ (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) | ဌာနခွဲမှူး (စာရင်း) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (ဌ) | ဦးဇော်မင်းထိုက် | စာရင်းကိုင်-၁ (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) | ဌာနခွဲမှူး (စာရင်း) (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |

ဦးအောင်ကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

# ဧရာဝတီတိုင်းဒေသကြီး
# အလတ်စားနှင့်အသေးစားလျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးရေးဥပဒေ (မူကြမ်း)
# ( ၂၀၁၃ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၅ ခုနှစ်၊ လ ရက်
( ၂၀၁၃ ခုနှစ်၊ လ ရက် )

## နိဒါန်း

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ ဤဧရာဝတီတိုင်းဒေသကြီး အလတ်စားနှင့်အသေးစား လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးရေးဥပဒေသည် ပြဋ္ဌာန်းသည့်နေ့ရက်မှစ၍ အာဏာတည်သည်ဟု မှတ်ယူရမည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ဧရာဝတီတိုင်းဒေသကြီး အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ဧရာဝတီတိုင်းဒေသကြီး တစ်ဝန်းလုံးတွင် အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အားကို စူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းဆိုင်ရာလုပ်ငန်းများနှင့်လည်းကောင်း၊ ယင်းလုပ်ငန်းများကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လျှပ်စစ်စစ်ဆေးရေးဆိုင်ရာကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရ**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရကို ဆိုသည်။

(ဂ) **အစိုးရအဖွဲ့**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးကို ဆိုသည်။

(င) **တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာကို ဆိုသည်။

(စ) **လျှပ်စစ်ဓာတ်အား**ဆိုသည်မှာ ရေအားသုံးစက်မှုဖြစ်စေ၊ လေအားသုံးစက်မှုဖြစ်စေ၊ နေရောင်ခြည်သုံးစက်မှုဖြစ်စေ၊ အားဖြည့်လောင်စာဆီသုံးစက်မှုဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားကို ဆိုသည်။

(ဆ) **အသေးစားလျှပ်စစ်ဓာတ်အား**ဆိုသည်မှာ ၁၀ မဂ္ဂါဝပ်အောက်ရှိ လျှပ်စစ်ဓာတ်အားကို ဆိုသည်။

(ဇ) **အလတ်စားလျှပ်စစ်ဓာတ်အား**ဆိုသည်မှာ ၁၀ မဂ္ဂါဝပ်မှ ၅၀ မဂ္ဂါဝပ်အထိ ဓာတ်အားကို ဆိုသည်။

(ဈ) **လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်**ဆိုသည်မှာ အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများ လုပ်ကိုင်ခွင့်ကို ဆိုသည်။

(ည) **လျှပ်စစ်ဓာတ်အားစူးစမ်းရှာဖွေခြင်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကို အများပြည်သူသုံးစွဲနိုင်ရန်ဖြစ်စေ၊ ပုဂ္ဂလိကပိုင်သုံးစွဲနိုင်ရန်ဖြစ်စေ၊ စီးပွားရေးအရ ဓာတ်အားဖြန့်ဖြူးရောင်းချရန်ဖြစ်စေ၊

အခြားကိစ္စရပ်များတွင် သုံးစွဲရန်ဖြစ်စေ လျှပ်စစ်ဓာတ်အား ထုတ်ယူရရှိနိုင်ရေးအတွက် စူးစမ်းရှာဖွေခြင်းကို ဆိုသည်။

(ng) **လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း**ဆိုသည်မှာ ရေအားသုံးစက်မှုဖြစ်စေ၊ လေအားသုံးစက်မှုဖြစ်စေ၊ နေရောင်ခြည်သုံးစက်မှုဖြစ်စေ၊ အားဖြည့်လောင်စာဆီသုံး စက်မှုဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ လျှပ်စစ်ဓာတ်အားကို စနစ်တကျထုတ်လုပ်ခြင်းကို ဆိုသည်။

(စ) **လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်သည့်နေရာမှ သုံးစွဲမည့်နေရာသို့ ရောက်ရှိစေရန် ဓာတ်အားလိုင်းများသွယ်တန်း၍ သတ်မှတ်ထားသည့် ဗို့အား၊ ကြိမ်နှုန်း၊ လျှပ်စီးတို့ဖြင့် စနစ်တကျပို့လွှတ်ခြင်းကို ဆိုသည်။

(ဆ) **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကို သတ်မှတ်ထားသည့် ဗို့အား၊ လျှပ်စီးတို့ဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူထံ စနစ်တကျဖြန့်ဖြူးခြင်းကို ဆိုသည်။

(ဇ) **လျှပ်စစ်ဓာတ်အားအသုံးပြုခြင်း**ဆိုသည်မှာ သတ်မှတ်ဗို့အားနှင့် လျှပ်စီးတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အသုံးပြုခြင်းကို ဆိုသည်။

(ဈ) **လျှပ်စစ်ဓာတ်အားစစ်ဆေးခြင်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် အသုံးပြုခြင်းများကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးခြင်းကို ဆိုသည်။

(ည) **လျှပ်စစ် စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေပါ လျှပ်စစ် စစ်ဆေးရေးလုပ်ငန်း တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန် ဝန်ကြီးက ဖွဲ့စည်းပေးထားသောအဖွဲ့ကို ဆိုသည်။

(ဋ) **လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသူ**ဆိုသည်မှာ ၅၀ မဂ္ဂါဝပ်အောက် လျှပ်စစ်ဓာတ်အားကို တစ်နည်းနည်းဖြင့် ထုတ်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲလိုသူများထံ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများဆောင်ရွက်သူ သို့မဟုတ် ဆောင်ရွက်သည့် အဖွဲ့အစည်းကို ဆိုသည်။

(ဌ) **လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် အတွေ့အကြုံရှိသူကိုဖြစ်စေ၊ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူကိုဖြစ်စေ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ဍ) **လျှပ်စစ်ကျွမ်းကျင်လုပ်သား**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် အတွေ့အကြုံရှိပြီး လက်တွေ့လုပ်ငန်းဆောင်ရွက်နေသူ သို့မဟုတ် လုပ်ငန်းအတွေ့အကြုံနှင့် လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်ရရှိထားသူကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီးအတွင်း လူနေမှုအဆင့်အတန်း မြင့်မားစေရန်၊

(ခ) ဒေသဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရန်၊

(ဃ) တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေအတွက် ရသင့်ရထိုက်သော အခွန်အခများရရှိစေရန်၊

(င) အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုများကို ဥပဒေနှင့်အညီ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်များ

၅။ အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်လုပ်ငန်းများ လုပ်ကိုင်လိုသူသည် လုပ်ကိုင်ခွင့်ရရှိရေးအတွက် အစိုးရအဖွဲ့သို့ လျှောက်ထားရမည်။

၆။ အစိုးရသည် အောက်ပါလျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်များကို ခွင့်ပြုနိုင်သည် -

(က) ပုဂ္ဂလိကလုပ်ငန်းလုပ်ပိုင်ခွင့်ဥပဒေအရ မှတ်ပုံတင်ထားသော ပုဂ္ဂလိကလုပ်ငန်းများ၊

(ခ) အခြားသီးခြားအဖွဲ့အစည်းများ။

၇။ အစိုးရသည် ပုဒ်မ ၆ ပုဒ်မခွဲ (က)၊ (ခ) ပါ လုပ်ငန်းအဖွဲ့အစည်းများအား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းများအတွက် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်အမိန့်များ ထုတ်ပေးခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။

၈။ အစိုးရသည် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်အမိန့်များကို အောက်ပါအကြောင်းတစ်ရပ်ရပ် ကြောင့် ရုပ်သိမ်းနိုင်သည် -

(က) လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ ဤဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(ခ) လုပ်ကိုင်ခွင့်အမိန့်ပါ စည်းကမ်းချက်များကို လိုက်နာကျင့်သုံးရန် ပျက်ကွက်ခြင်း။

၉။ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူသည် -

(က) လျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၌ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်အမိန့်အရ သတ်မှတ်ထားသည့် လျှပ်စစ်စွမ်းအားကိုသာ ထုတ်ရမည်။

(ဂ) လျှပ်စစ်ဓာတ်အားအတွက် အသုံးပြုသည့် လျှပ်စစ်ဓာတ်အားတိုင်းတာရေး ပစ္စည်းကိရိယာများ အကာအကွယ်ပြုပစ္စည်းကိရိယာများကို စနစ်တကျ တပ်ဆင်အသုံးပြုရမည်။ မပျက်စီးစေရန်လည်း ထိန်းသိမ်းရမည်။

(ဃ) ရေအားလျှပ်စစ်လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသည့် ရေဝင်ရေထွက်ရေစီးကြောင်းသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအဖွဲ့အစည်းကို ထိခိုက်မှုမရှိစေရ။

(င) စက်လည်ပတ်ရာတွင် အသုံးပြုသည့် စွန့်ပစ်ပစ္စည်းများသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုအန္တရာယ် မရှိစေရ။

(စ) လျှပ်စစ်ဖြင့် ဓာတ်အားဖြန့်ဖြူးသည့် ဆက်စပ်ပစ္စည်းများသည် လူနှင့်တိရစ္ဆာန်အတွက် အန္တရာယ် မဖြစ်စေရန် ဆောင်ရွက်ရမည်။

(ဆ) လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့် လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သော မြေနေရာရရှိရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ရယူရမည်။

(ဇ) အစိုးရက အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းများကို လိုက်နာရမည်။

(စျ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသူသည် နိုင်ငံတော်ပိုင် လျှပ်စစ်ဓာတ်အားလိုင်းများကို ငှားရမ်း သုံးစွဲပြီး ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးလိုပါက သက်ဆိုင်ရာဌာန၏ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်၍ ကျသင့်ငွေကို ပေးသွင်းရမည်။

(ည) လျှပ်စစ်ဓာတ်အား သုံးစွဲသူများထံမှ လျှပ်စစ်ဓာတ်အားခ တောင်းခံခွင့်ရှိသည်။

(ង) သတ်မှတ်ထားသော လျှပ်စစ်ဓာတ်အားခငွေများကို သတ်မှတ်ထားသည့်ရက်အတွင်း မရရှိပါက လျှပ်စစ်ဓာတ်အား ဖြတ်တောက်ခွင့်ရှိသည်။

၁၀။ လျှပ်စစ်အန္တရာယ်ကာကွယ်မှုနှင့်ပတ်သက်၍ လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်များ ပြုလုပ်ရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) လေယာဉ်ကွင်း၊ ရထားလမ်း၊ ဓာတ်ရထားလမ်း၊ မော်တော်ကားလမ်း၊ ထရော်လီကားလမ်း၊ တူးမြောင်း၊ မြစ်၊ ချောင်း၊ ဆိပ်ကမ်း၊ သင်္ဘောကျင်း၊ ဆိပ်ကမ်းတံတား၊ ရေကတုတ်စသည်များကို မည်သည့်နည်းနှင့်မျှ ထိခိုက်ပျက်စီးခြင်း မရှိစေရ။

(ခ) ကြေးနန်း၊ စကားပြောကြေးနန်း၊ သင်္ကေတသုံးလျှပ်စစ်ကြေးနန်း၊ အချက်ပြ ကြေးနန်းရိုက်ရာတွင် အသုံးဝင်သည့် အခြားကြိုးများ၊ လေလှိုင်းများသို့ လျှပ်စစ်ဓာတ်အား ကူးဝင်စေခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းအားဖြင့်ဖြစ်စေ ထိခိုက်နစ်နာပျက်စီးခြင်း မရှိစေရ။

၁၁။ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်နှင့်ပတ်သက်၍ လူ သို့မဟုတ် တိရစ္ဆာန်ကို ဒဏ်ရာရရှိအောင်ဖြစ်စေ၊ ကိုယ်အင်္ဂါတစ်ခုခု မစွမ်းမသန်အောင်ဖြစ်စေ၊ သေဆုံးအောင်ဖြစ်စေ လျှပ်စစ်အန္တရာယ် မတော်တဆ ဖြစ်ပေါ်ခဲ့လျှင် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရှိသူသည် လျှပ်စစ် စစ်ဆေးရေးအဖွဲ့သို့ အမြန်ဆုံး အကြောင်းကြားရမည်။

## အခန်း (၄)
## လျှပ်စစ် စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၂။ လျှပ်စစ် စစ်ဆေးရေးအဖွဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်များ -

(က) လျှပ်စစ်ဓာတ်အားသုံးစွဲသူ၏ ဓာတ်အားသုံးစွဲမည့် နေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများကို စစ်ဆေးပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ခ) လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်းဆိုင်ရာ ပစ္စည်းကိရိယာများနှင့် နည်းစနစ်များအား စစ်ဆေးပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဂ) လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်များနှင့်ပတ်သက်၍ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ပေးရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) သတ်မှတ်ထားသည့် စစ်ဆေးခကို နည်းလမ်းတကျ တောင်းခံခြင်း၊

(င) လျှပ်စစ်အန္တရာယ်ကျရောက်မည့် ကိစ္စရပ်တွင် စက်ရုံ၊ အလုပ်ရုံ၌ အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အများပြည်သူနေထိုင်ရာနေရာ၌ အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကို ဖြစ်စေ၊ အခြားဓာတ်အားသုံးစွဲသည့်နေရာ၌ အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ ဖြတ်တောက်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊ အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက ဖြတ်တောက်ခြင်း၊

(စ) လျှပ်စစ်ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးရန် မည်သည့်နေရာ၊ မည်သည့်အဆောက် အအုံအတွင်းသို့မဆို ဝင်ရောက်နိုင်ခြင်း၊

(ဆ) သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံသူအား လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ် ထုတ်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဇ) လျှပ်စစ်ဆိုင်ရာ စံချိန်စံညွှန်းနှင့် စစ်ဆေးမှုနည်းစနစ်များကို ထုတ်ပြန်ခြင်း၊

(ဈ) လျှပ်စစ်ပစ္စည်းကိရိယာ စစ်ဆေးခများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းပြုလုပ်ပေးရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ည) လျှပ်စစ်တပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများ၏ လုပ်ခကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ပြုလုပ်ပေးရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း။

၁၃။ လျှပ်စစ် စစ်ဆေးရေးအဖွဲ့သည် မိမိအားအပ်နှင်းထားသည့် တာဝန်၊ လုပ်ပိုင်ခွင့်နှင့်အညီ လျှပ်စစ် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းများကို ပြုလုပ်ဆောင်ရွက်ရမည်။

၁၄။ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်နှင့်ပတ်သက်၍ လျှပ်စစ်အန္တရာယ်ကျရောက်မည့် အခြေအနေကို ထိန်းသိမ်းနိုင်ရန်အလို့ငှာ အများပြည်သူအသုံးပြုသည့် လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ စက်ရုံအလုပ်ရုံက အသုံးပြုသည့် လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အခြားနေရာ၌အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ ဖြတ်တောက်ရန် လျှပ်စစ် စစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်ရာဌာနတာဝန်ခံကို ညွှန်ကြားနိုင်သည်။

၁၅။ လျှပ်စစ်ဓာတ်အားကြောင့် လူ၊ သို့မဟုတ် တိရစ္ဆာန် ဒဏ်ရာရရှိခြင်းနှင့်ပတ်သက်၍ဖြစ်စေ၊ သေဆုံးရခြင်းနှင့်ပတ်သက်၍ဖြစ်စေ တင်ပြလာလျှင် လျှပ်စစ် စစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်သူများကို စစ်ဆေး၍ မည်သူ့တွင်တာဝန်ရှိသည်ကို အဆုံးအဖြတ်ပေးရမည်။

၁၆။ လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ အသုံးပြုသည့် ပစ္စည်းကိရိယာများ မှန်ကန်မှုရှိ၊ မရှိ စသည့် ကိစ္စရပ်များအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသူနှင့် သုံးစွဲသူများအကြား အငြင်းပွားမှု သို့မဟုတ် သဘောထားကွဲလွဲမှုရှိ၍ တင်ပြလာလျှင် လျှပ်စစ် စစ်ဆေးရေးအဖွဲ့သည် အဆုံးအဖြတ်ပေးရမည်။

၁၇။ ပုဒ်မ ၁၆ အရ လျှပ်စစ် စစ်ဆေးရေးအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် မကျေနပ်ပါက အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အစိုးရအဖွဲ့ထံ အယူခံနိုင်သည်။ အစိုးရအဖွဲ့၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၅)
## အခွန်အခပေးဆောင်ခြင်း

၁၈။ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရသူသည် နိုင်ငံသားဖြစ်ပါက ပြည်တွင်းသုံးငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားမတည်ငွေဖြင့် လုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက အစိုးရက သတ်မှတ်ထားသည့် နိုင်ငံခြားငွေဖြင့်လည်းကောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးသည့် လျှပ်စစ်ဓာတ်အားပမာဏအလိုက် ကျသင့်သည့်အခွန်အခကို ပေးဆောင်ရမည်။

၁၉။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီးအကျိုးငှာ လိုအပ်သော အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် လုပ်ငန်းများအတွက် အခွန်အခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

## အခန်း (၆)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၀။ အစိုးရအဖွဲ့သည် ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) လုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ဆောင်ရွက်စေပြီး ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်အား ကာလအကန့်အသတ်အဖြစ် ဆိုင်းငံ့ခြင်း၊

(ဃ) လုပ်ငန်းလုပ်ကိုင်ခွင့်ကို ပိတ်သိမ်းခြင်း။

## အခန်း (၇)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၁။ မည်သူမဆို လျှပ်စစ်ဓာတ်အားကို မရိုးမဖြောင့်သောသဘောဖြင့် စူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ဖြန့်းတီးခြင်း၊ တရားမဝင် ထပ်ဆင့်ရောင်းချခြင်း၊ တရားမဝင်အသုံးပြုခြင်း သို့မဟုတ် ခိုးယူသုံးစွဲခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၂၂။ မည်သူမျှ လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်မရှိဘဲ လျှပ်စစ်တပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်း စသည့် လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ကြောင်း စစ်ဆေးတွေ့ရှိပါက ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် (၃) သောင်းအထိ ငွေဒဏ်ဖြစ်စေ၊ သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

## အခန်း (၈)
## လျော်ကြေးသတ်မှတ်ခြင်း

၂၃။ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် လျှပ်စစ်ကျွမ်းကျင်လုပ်သား၏ ပေါ့လျော့မှု သို့မဟုတ် တာဝန်ပျက်ကွက်မှုကြောင့် ဓာတ်လိုက်မှု သို့မဟုတ် မီးလောင်မှုဖြစ်၍ ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် ကိုယ်လက်အင်္ဂါမစွမ်းမသန်ဖြစ်ခြင်း သို့မဟုတ် သေဆုံးခြင်းဖြစ်ပေါ်စေလျှင် ထိခိုက်နစ်နာသူသည် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရသူ သို့မဟုတ် လျှပ်စစ်တပ်ဆင်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရသူထံမှ လျော်ကြေးကို အောက်ပါအတိုင်း တောင်းခံခွင့်ရှိစေရမည် -

(က) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေးဥပဒေနှင့် အကျုံးဝင်သူဖြစ်ပါက ယင်းဥပဒေအရ သတ်မှတ်ထားသော လျော်ကြေး၊

(ခ) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေးဥပဒေနှင့် အကျုံးဝင်သူမဟုတ်ပါက လုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ထားသော လျော်ကြေး။

၂၄။ မည်သူမဆို ပုဒ်မ ၂၃ အရ ထိခိုက်နစ်နာလျှင် တည်ဆဲဥပဒေအရ တရားစွဲဆိုခွင့်နှင့် ပျက်စီးဆုံးရှုံးသော ပစ္စည်းအတွက် ကာလတန်ဖိုးလျော်ကြေးကို သက်ဆိုင်ရာ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူထံမှ တောင်းခံခွင့်ရှိသည်။

## အခန်း (၉)
## အထွေထွေ

၂၅။ လျှပ်စစ်ဓာတ်အားသုံးစွဲသူသည် မရိုးမဖြောင့်သော နည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အားကို ခိုးယူသုံးစွဲခြင်းကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသူ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာမှုဖြစ်ပေါ်စေလျှင် နစ်နာမှုလျော်ကြေးပေးလျော်ရန် တာဝန်ရှိသည့်အပြင် တည်ဆဲဥပဒေအရ အရေးယူခြင်းကိုလည်း ခံရမည်။

၂၆။ ဤဥပဒေပုဒ်မ ၂၁ အရ တရားစွဲဆိုသောပြစ်မှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၂၇။ တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာက အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်ကို ထုတ်ပေးနိုင်သည်။

၂၈။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူ၏ ပိုလျှံသော လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ပိုင်လျှပ်စစ်ဓာတ်အားလိုင်းသို့ ရောင်းချနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၂၉။ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူထံမှ ငင်းဆောင်ရွက်နေသည့် အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ငန်းကို နိုင်ငံတော်အကျိုးငှာ လွှဲပြောင်းပေးအပ်ရန် အကြောင်းပေါ်ပေါက်ခဲ့လျှင် အစိုးရအဖွဲ့သည် ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီး လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူ၏ မတည်ရင်းနှီးမြှုပ်နှံမှုများကို ကာလပေါက်ဈေးသတ်မှတ်၍ လွှဲပြောင်းပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## ဧရာဝတီတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ (မူကြမ်း)
## ( ၂၀၁၃ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်   ။ )

၁၃၇၅ ခုနှစ်၊   လ   ရက်

( ၂၀၁၃ ခုနှစ်၊   လ   ရက် )

### နိဒါန်း

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ ဤဧရာဝတီတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဥပဒေသည် ပြဋ္ဌာန်းသည့်နေ့ရက်မှစ၍ အာဏာတည်သည်ဟု မှတ်ယူရမည်။

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ဧရာဝတီတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ အစိုးရအဖွဲ့က တာဝန်ပေးအပ်သော စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးကို ဆိုလိုသည်။

(ဃ) **တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ**ဆိုသည်မှာ တိုင်းဒေသကြီးအတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများအား ကြီးကြပ်ကွပ်ကဲနိုင်ရန်အလို့ငှာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းထားသော ကုန်တင်ကုန်ချလုပ်ငန်းများကို စီမံဆောင်ရွက်ရန် ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်။

(င) **တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး**ဆိုသည်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တိုက်ရိုက်စီမံအုပ်ချုပ်မှု နယ်မြေအတွင်း၌ရှိသော ကုန်တင်ကုန်ချလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းဖွင့်လှစ်ထားသည့်ရုံးကို ဆိုသည်။

(စ) **မြို့နယ်ကုန်တင်ကုန်ချကော်မတီ**ဆိုသည်မှာ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးက တိုက်ရိုက်ကြီးကြပ်ကွပ်ကဲလျက်ရှိသော ကုန်တင်ကုန်ချလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဤဥပဒေအရဖွဲ့စည်းထားသော မြို့နယ်ကုန်တင်ကုန်ချကော်မတီကို ဆိုသည်။

(ဆ) **မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး**ဆိုသည်မှာ မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ သက်ဆိုင်ရာရုံးလုပ်ငန်းတာဝန်များကို ကြီးကြပ်ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေရ ဖွဲ့စည်းဖွင့်လှစ်ထားသည့်ရုံးကို ဆိုသည်။

(ဇ) **ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီ**ဆိုသည်မှာ သက်ဆိုင်ရာနယ်မြေတစ်ခုအတွင်းရှိ မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများကို စုစည်း၍ ကုန်တင်ကုန်ချလုပ်ငန်းများအား စနစ်တကျ ကြီးကြပ်အုပ်ချုပ်ရန်အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းခွင့်ပြုထားသော ကော်မတီကို ဆိုသည်။

(ဈ) **ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံး**ဆိုသည်မှာ ကုန်တင်ကုန်ချကြီးကြပ်ရေးကော်မတီ၏ သက်ဆိုင်ရာရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေအရ ဖွင့်လှစ်ခွင့်ပြုထားသည့်ရုံးကို ဆိုသည်။

(ည) **ကုန်တင်ကုန်ချလုပ်ငန်း**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အများပြည်သူနှင့်ဆိုင်သော လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထားဘူတာရုံ၊ အဝေးပြေးကားဂိတ်၊ စက်လှေဆိပ်နှင့်ဈေးကြီး စသည့်နေရာများတွင် ဥပဒေနှင့်အညီဖွဲ့စည်းထားသည့် ကုန်တင်ကုန်ချအလုပ်သမားများ၏ ကာယအားကို အသုံးပြုပြီး ကုန်ပစ္စည်းများကို အခကြေးငွေရယူ၍ အတင်၊ အချ၊ အရွှေ့၊ အပြောင်း ပြုလုပ်ပေးရသော ဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

(ဋ) **ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက်**ဆိုသည်မှာ ကုန်တင်ကုန်ချလုပ်ငန်းများနှင့်ပတ်သက်၍ ဤဥပဒေအရ လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုချက်ကို ဆိုသည်။

(ဌ) **မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမား**ဆိုသည်မှာ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီက အသိအမှတ်ပြုထားသော မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများနှင့် ဖွင့်လှစ်ခွင့်ပေးထားသော ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးများတွင် ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ရန် လုပ်သားမှတ်ပုံတင်အမှတ်ရရှိပြီးသော အလုပ်သမားကို ဆိုသည်။

(ဍ) **သက်သာချောင်ချိရေးရန်ပုံငွေ**ဆိုသည်မှာ မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် ဘဝအာမခံချက်ရရှိရေးအတွက် အသုံးပြုနိုင်ရန် ၎င်းတို့၏ နေ့စဉ်လုပ်ခဝင်ငွေများထဲမှ သတ်မှတ်ခွင့်ပြုထားသော ရာခိုင်နှုန်းဖြင့် ဖြတ်တောက်၍ စုဆောင်းထားသည့် သက်သာချောင်ချိရေးရန်ပုံငွေကို ဆိုသည်။

(ဎ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းထားသော တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ၊ မြို့နယ်ကုန်တင်ကုန်ချကော်မတီ၊ ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ပြီး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသည့် ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရန်၊

(ခ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်အားနှင့်ထိုက်တန်သော လုပ်ခအပြည့်အဝ မှန်ကန်စွာ ရရှိစေရန်၊

(ဂ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်သက်သာချောင်ချိရေးနှင့် ဘဝအာမခံချက်များ ရရှိစေရန်၊

(ဃ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်အခြေအနေ တိုးတက်ကောင်းမွန်စေရန်၊

(င) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်စည်းကမ်းလိုက်နာမှု ကောင်းမွန်စေရန်။

## အခန်း (၃)
## ကုန်တင်ကုန်ချကော်မတီများ ဖွဲ့စည်းခြင်း

၄။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ကုန်တင်ကုန်ချလုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါကော်မတီနှင့် ရုံးများကို ဖွဲ့စည်းခွင့်ရှိသည် -

(က) တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီရုံး၊

(ခ) မြို့နယ်ကုန်တင်ကုန်ချကော်မတီနှင့်ရုံးများ၊

(ဂ) မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီနှင့် ရုံးများ။

၅။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၆။ မြို့နယ်ကုန်တင်ကုန်ချကော်မတီနှင့် မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီတို့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းများအား တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

## အခန်း (၄)
## ကုန်တင်ကုန်ချကော်မတီများ၏လုပ်ငန်းတာဝန်များ

၇။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်တင်ကုန်ချလုပ်ငန်းများကို ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ စည်းကမ်းချက်များနှင့် အညီ လုပ်ကိုင်ဆောင်ရွက်ခြင်းရှိ/မရှိ ဝင်ရောက်စစ်ဆေးခြင်း သို့မဟုတ် အရာရှိတစ်ဦးဦးက ဖြစ်စေ၊ အဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ ဝင်ရောက်စစ်ဆေးခြင်း၊

(ခ) မြို့နယ်ကုန်တင်ကုန်ချကော်မတီများနှင့် ကုန်တင်ကုန်ချအလုပ်သမား ကြီးကြပ်ရေးကော်မတီ၏ သက်သာချောင်ချိရေး ရန်ပုံငွေနှင့် ငွေကြေးစာရင်းဇယားများအား စစ်ဆေးခြင်း၊ အတည်ပြုခြင်း၊ ကန့်ကွက်ခြင်းနှင့် အရေးယူခြင်း၊

(ဂ) ဤဥပဒေအရ ထုတ်ပြန်မည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချက်များ သို့မဟုတ် စည်းကမ်းချက်များ၏ မူကြမ်းများကို ရေးဆွဲ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) မြို့နယ်ကုန်တင်ကုန်ချကော်မတီများနှင့် ကုန်တင်ကုန်ချအလုပ်သမား ကြီးကြပ်ရေးကော်မတီ များက ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်လိုသူ အလုပ်သမားများအား မှတ်ပုံတင်ပြီးကြောင်း တင်ပြချက်များကို အတည်ပြုခြင်း၊

(င) ကုန်တင်ကုန်ချအလုပ်သမားများ ဒေသန္တရ ကုန်ဈေးနှုန်းများနှင့်အညီ လိုက်လျောညီထွေရှိသည့် ကုန်တင်ကုန်ချလုပ်ခများ ရရှိစေရေးအတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူးများ၏ ခွင့်ပြုချက်ဖြင့် ထိုက်တန်သော လုပ်ခနှုန်းထားရရှိရေးကို ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် အတည်ပြုခြင်း၊

(စ) မြို့နယ်ကုန်တင်ကုန်ချကော်မတီများနှင့် ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်များ ခန့်ထားခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်းများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအား ဥပဒေနှင့်အညီ ကြီးကြပ်ခြင်းနှင့် အတည်ပြုအမိန့်များ ထုတ်ပြန်ခြင်း၊

(ဆ) မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားများအား လုပ်ငန်းခွင်ကြီးကြပ်နိုင်ရေးအတွက် အလုပ်သမားမှူး၊ အလုပ်သမားစုမှူး၊ စောင့်ရှောက်ရေးမှူး စသည့်ရာထူးများ ခန့်ထားခြင်း၊ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်း တို့နှင့်ပတ်သက်၍ ကြီးကြပ်ခြင်း၊ အတည်ပြုမိန့်များ ထုတ်ပြန်ခြင်း၊

(ဇ) သက်ဆိုင်ရာ ကုန်တင်ကုန်ချလုပ်ငန်းများအား ကြီးကြပ်ရန် တာဝန်ပေးထားသည့် အရာရှိများ၊ ကြီးကြပ်ရေးမှူးများ၊ စာရင်းကိုင်များ၊ စောင့်ရှောက်ရေးမှူးများ၊ အလုပ်သမားစုမှူးများနှင့် အလုပ်သမားမှူးများ၏ တာဝန်ဝတ္တရားများကို သတ်မှတ်ပေးခြင်းနှင့် ယင်းတာဝန်ဝတ္တရား များအား ကျေပွန်စွာထမ်းဆောင်ခြင်းရှိ/မရှိ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် လိုအပ်ပါက အရေးယူခြင်း၊

(ဈ) အလုပ်သမားအသစ်များ တိုးချဲ့ခန့်ထားခြင်းနှင့် မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားအင်အား လျှော့ခြင်း၊ ပြစ်မှုကျူးလွန်သော မှတ်ပုံဝင်အလုပ်သမားတို့ကို အရေးယူခြင်း၊ ထုတ်ပယ်ခြင်းကိစ္စရပ် များအား ကြီးကြပ်ခြင်းနှင့် အတည်ပြုမိန့်များ ထုတ်ပေးခြင်း၊

(ည) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကုန်တင်ကုန်ချလုပ်ငန်းများရှိ မှတ်ပုံဝင် ကုန်တင် ကုန်ချအလုပ်သမားများအနက် တစ်ဦးဦးကဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ၊ ၎င်းတို့၏နစ်နာမှု များကို တင်ပြတိုင်ကြားလာပါက စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းစစ်ဆေးခြင်း၊

(ဋ) ကုန်တင်ကုန်ချအလုပ်သမားများအား ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ချက်များနှင့် စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊

(ဌ) ကုန်တင်ကုန်ချလုပ်ငန်းများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မတော်တဆထိခိုက်မှု မဖြစ်ပွားစေရေးတို့အတွက် စနစ်တကျဆောင်ရွက်ပေးခြင်း၊

(ဍ) ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် သက်သာချောင်ချိရေး ရန်ပုံငွေများ တည်ထောင်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ စစ်ဆေးခြင်း နှင့် ကြီးကြပ်ခြင်း၊

(ဎ) ကုန်တင်ကုန်ချလုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးနှင့် လုပ်ငန်းခွင်စည်းကမ်းချက်များ သတ်မှတ်ခြင်း နှင့် အပြစ်ပေးအရေးယူခြင်း၊

(ဏ) မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဥပဒေနှင့်အညီ ခန့်အပ်ပေးထားသော ဦးစီးအရာရှိနှင့် အဖွဲ့ဝင် များကို အခြေခံလျက် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(တ) ဌာနခွဲအလိုက် လုပ်ငန်းခွင်ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းခွင့်ပြုချက်ရရှိသူ သို့မဟုတ် ၎င်းက ခန့်အပ်တာဝန်ပေးထားသူများနှင့် အလုပ်သမားမျှအဆင့်ဆင့်တို့၏ ကိုယ်စားလှယ်အဖွဲ့ဝင်များကို အခြေခံလျက် လုပ်ငန်းခွင်ကြီးကြပ်ရေးကော်မတီရုံးကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။

၈။ မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများ သက်သာချောင်ချိရေးတို့အတွက် ဤဥပဒေအရ ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များ၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် စစ်ဆေးခြင်း၊

(ခ) မြို့နယ်အတွင်း၌ ကုန်တင်ကုန်ချလုပ်ငန်းများတွင် မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားအဖြစ် လုပ်ကိုင်လိုသူများရှိပါက စနစ်တကျ ရွေးချယ်၍ မှတ်ပုံတင်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်းနှင့် တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(ဂ) ဖြစ်သင့်သည့် အနည်းဆုံးမှတ်ပုံတင် ကုန်တင်ကုန်ချအလုပ်သမားအင်အားနှင့် အများဆုံးမှတ်ပုံတင်ကုန်တင်ကုန်ချ အလုပ်သမားအင်အား သတ်မှတ်ချက်များ၊ ကရုဏာကြေး သတ်မှတ်ချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များကို ပြုစု၍ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသို့ တင်ပြအတည်ပြုချက် ရယူခြင်း၊

(ဃ) မှတ်ပုံတင်ကုန်တင်ကုန်ချ အလုပ်သမားများအတွက် ဒေသန္တရကုန်ဈေးနှုန်းများနှင့် လိုက်လျောညီထွေရှိသည့် ကုန်တင်ကုန်ချလုပ်ခများ တိုးမြှင့်ရန် လိုအပ်လာပါက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြ၍ ဆက်စပ်ပတ်သက်သည့် ကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းခြင်း၊ တင့်သင့်လျောက်ပတ်သည့် ကုန်တင်ကုန်ချဈေးနှုန်းများကို ပြင်ဆင်သတ်မှတ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်တင်ပြ ခွင့်ပြုချက်ရယူပြီး တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီသို့ အတည်ပြုနိုင်ရေး တင်ပြခြင်း၊

(င) မြို့နယ်ရုံးလက်အောက်ရှိ လုပ်ငန်းအဖွဲ့များအလိုက် လုပ်ငန်းခွင်ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(စ) တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီမှ အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)
## ခွင့်ပြုချက်တောင်းခံခြင်း၊ ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း

၉။ ၁၉၄၇ ခုနှစ်၊ အရေးကြီးကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာအက်ဥပဒေအရ ထုတ်ပြန်ခဲ့သည့် ၁၉၅၉ ခုနှစ်၊ အလုပ်သမားများ အလုပ်အကိုင်ကြီးကြပ်အုပ်ချုပ်ရေးအမိန့်အရလည်းကောင်း၊ ယင်းအမိန့်အရ ပြုလုပ်သည့် ၁၉၇၀ ပြည့်နှစ် ပြည်တွင်းကုန်တင်ကုန်ချအလုပ်သမားများ စောင့်ရှောက်ရေးစည်းမျဉ်းဥပဒေများဖြင့်လည်းကောင်း လုပ်ကိုင်လျက်ရှိသော ယခင်အလုပ်သမားဝန်ကြီးဌာနလက်အောက်ရှိ ကုန်တင်ကုန်ချကော်မတီရုံးများသည် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သက်ဆိုင်ရာမြို့နယ်များတွင် ကုန်တင်ကုန်ချလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခွင့်ရှိရမည်။

၁၀။ ကုန်တင်ကုန်ချအလုပ်သမား (၅) ဦးနှင့်အထက်ရှိပြီး တစ်နှစ်အတွင်း အလုပ်လုပ်ချိန်ကာလ (၄) လရှိသည့် ကုန်တင်ကုန်ချလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လျက်ရှိသော သို့မဟုတ် လုပ်ကိုင်လိုသော အောက်ဖော်ပြပါလုပ်ငန်းတစ်ရပ်ရပ်သည် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးနှင့် သက်ဆိုင်ရာမြို့နယ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် သတ်မှတ်ချက်များနှင့်အညီ ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ခွင့် လျှောက်လွှာများကို စိစစ်တင်ပြချက်နှင့်အတူ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသို့ ခွင့်ပြုချက် လျှောက်ထားရမည် -

(က) ကားကြီးရပ်ကွင်းများ၊ ဈေးများ၊ ပွဲရုံများ၊ သင်္ဘောဆိပ်၊ လေဆိပ်၊ ကားဂိတ်၊ စက်လှေဆိပ်၊ ဘူတာရုံစသည့် အများပြည်သူ သွားလာရေးဆိုင်ရာ နေရာဌာနများရှိ ပုဂ္ဂလိကအဖွဲ့အစည်းများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ကုန်တင်ကုန်ချလုပ်ငန်းများကို လုပ်ကိုင်နေသူများ၊

(ခ) စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်လျက်ရှိသော ဈေးများ၊ လေလံရ ကူးတို့ဆိပ်များ၊ သင်္ဘောဆိပ်ကမ်းများတွင် ကုန်ကုန်ကုန်ချလုပ်ငန်း လုပ်ကိုင် နေသူများ၊

(ဂ) အစိုးရဌာနမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက တာဝန်ယူဆောင်ရွက်လျက် ရှိသော ပစ္စည်းသယ်ဆောင်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသူများ၊

(ဃ) နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများတွင် ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်နေသည့်ဌာန၊ အဖွဲ့အစည်းများ။

၁၁။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပုဒ်မ ၁၀ အရ ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ခွင့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီ၏ တင်ပြချက်ကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၂။ ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုအရ သက်ဆိုင်ရာမြို့နယ် ကုန်တင်ကုန်ချကော်မတီရုံး၏ ကြီးကြပ်ကွပ်ကဲမှုအောက်၌ လုပ်ငန်းဌာနခွဲတစ်ခုအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

၁၃။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ထုတ်ပေးထားသော ခွင့်ပြုချက်ဖြင့် ဤဥပဒေအရ ထုတ်ပြန် ထားသော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ညွှန်ကြားချက်များအနက် တစ်ရပ်ရပ်ဖောက်ဖျက်လျှင် သတ်မှတ် ကာလမတိုင်မီ ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း (၆)
## ကုန်တင်ကုန်ချကော်မတီရုံးအား ဖျက်သိမ်းခြင်း

၁၄။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချကြီးကြပ်ရေးကော်မတီရုံး တစ်ခုခုသည် လမ်းပန်းဆက်သွယ်မှုအခြေအနေများ ပြောင်းလဲမှုကြောင့်ဖြစ်စေ၊ လုပ်ငန်းနေရာပြောင်းရွှေ့ခြင်း အပါအဝင် အခြား လုံလောက်သောအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ၊ ကုန်တင်ကုန်ချလုပ်ငန်းများ လျော့ကျလာခြင်းကြောင့် ခွင့်ပြုထားသည့် လုပ်ငန်းခွင့်ပြုချက် သက်တမ်းကာလမတိုင်မီ ဖျက်သိမ်းရမည့် အခြေအနေမျိုး ကြုံတွေ့ရလျှင်ဖြစ်စေ ထိုအခြေအနေကို အကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် ဖျက်သိမ်းခွင့် ပြုရန် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသို့ ခွင့်ပြုချက် တင်ပြတောင်းခံရမည်။

၁၅။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် ပုဒ်မ ၁၄ အရ တင်ပြချက်ကိုစိစစ်၍ လိုအပ်ပါက ကွင်းဆင်းစစ်ဆေးပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့နယ်ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေးကော်မတီရုံးကို ဖျက်သိမ်းခွင့်ပြုနိုင်သည်။

၁၆။ ပုဒ်မ ၁၅ အရ ဖျက်သိမ်းခွင့်ရရှိသော မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် မြို့နယ် ကုန်တင်ကုန်ချ အလုပ်သမား ကြီးကြပ်ရေးကော်မတီရုံးသည် မိမိပိုင်ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊

မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် သက်သာ ချောင်ချိရေးရန်ပုံငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းရမည်။

၁၇။ မြို့နယ်ကုန်တင်ကုန်ချကော်မတီ သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေးကော်မတီရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းပြီးပါက ယင်းသို့ ပြီးစီးကြောင်းကို စာရင်းရှင်းတမ်းအပြည့်အစုံနှင့်တကွ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ အစီရင်ခံတင်ပြရမည်။

၁၈။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် ဖျက်သိမ်းသည့် မြို့နယ်ကုန်တင်ကုန်ချကော်မတီ သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် အလုပ်သမားကြီးကြပ်ရေးကော်မတီရုံး၏ စာရင်းရှင်းလင်းဖျက်သိမ်းပြီးစီးမှုအား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြအစီရင်ခံရမည်။

## အခန်း (၇)
## သက်သာချောင်ချိရေးရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၁၉။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး ကော်မတီရုံးလက်အောက်ရှိ မြို့နယ်လုပ်ငန်းဌာနခွဲ ကြီးကြပ်ရေးကော်မတီနှင့် ဌာနခွဲများသည် မှတ်ပုံတင် ကုန်တင်ကုန်ချအလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် ဘဝအာမခံချက်ရရှိရေးအတွက် သက်သာချောင်ချိရေး ရန်ပုံငွေတစ်ရပ်ကို သတ်မှတ်ချက်များနှင့်အညီ ထူထောင်ထားရှိရေး ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရမည်။

၂၀။ မြို့နယ်ကုန်တင်ကုန်ချကော်မတီသည် သက်သာချောင်ချိရေးရန်ပုံငွေ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ ကရုဏာကြေးများသတ်မှတ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။

၂၁။ ကုန်တင်ကုန်ချလုပ်ငန်း ခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်သည် သက်သာချောင်ချိရေးရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော ဘဏ္ဍာရေး စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။

## အခန်း (၈)
## လုပ်သားအင်အားဖွဲ့စည်းခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း

၂၂။ သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းပမာဏများနှင့် လုပ်ငန်းလုပ်ကွက်များကို အခြေခံ၍ သယ်ယူပို့ဆောင်မှုနှင့်အတင်အချလုပ်ငန်းများကို နိုင်နင်းစွာ ဆောင်ရွက်နိုင်ရန်၊ လုပ်သားများ၏ လုပ်အားကို မျှတစေရန်၊ အလုပ်သမားတစ်ဦးစီ၏ လုပ်ခဝင်ငွေများ လျော့နည်းကျဆင်းမှုမရှိစေရန်အတွက် မြို့နယ်အလိုက် ရှိသင့်သည့် အနည်းဆုံးလုပ်သားအင်အားနှင့် အများဆုံးလုပ်သားအင်အား သတ်မှတ်ချက် များကို မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးသည် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသို့ တင်ပြဆောင်ရွက် ရမည်။

၂၃။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများသည် မိမိမြို့နယ်၏ အနည်းဆုံးလုပ်သားအင်အားနှင့် အများဆုံးလုပ်သားအင်အား သတ်မှတ်ချက်များမှာ လုပ်ငန်းအခြေအနေနှင့် လိုက်လျောညီထွေရှိစေရေး အတွက် (၁) နှစ်တစ်ကြိမ် စိစစ်သုံးသပ်၍ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြရမည်။ အင်အားသတ်မှတ်ချက်ပြောင်းလဲရန် လိုအပ်လာပါက အကျိုးအကြောင်းခိုင်လုံစွာဖြင့် မြို့နယ်ကုန်တင်ကုန်ချ ကော်မတီ၏ ဆုံးဖြတ်ချက်ရယူကာ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြ၍ ပြင်ဆင် အတည်ပြုချက် ရယူရမည်။

## အခန်း (၉)

## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး

၂၄။ လုပ်သားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလုပ်သမားတစ်ဦး၏အင်အားကို မထိခိုက်စေရန် ILO Convention 127 အရ Recommendation 128 တွင် သတ်မှတ်ထားသည့် အောက်ဖော်ပြပါ အလေးချိန်များအတိုင်း ဆောင်ရွက်စေရမည် -

(က) ပေါင်အလေးချိန်ဖြင့် တွက်ချက်သော ကုန်ပစ္စည်းဖြစ်ပါက (၁၂၁) ပေါင်ထက် မကျော်လွန်စေရ။

(ခ) ပိဿာအလေးချိန်ဖြင့် တွက်ချက်သော ကုန်ပစ္စည်းဖြစ်ပါက (၃၃. ၆) ပိဿာထက် မကျော်လွန်စေရ။

(ဂ) ကီလိုအလေးချိန်ဖြင့် တွက်ချက်သော ကုန်ပစ္စည်းဖြစ်ပါက (၅၅) ကီလိုထက် မကျော်လွန်စေရ။

၂၅။ အထက်ဖော်ပြပါ အလေးချိန်များထက်ကျော်လွန်သော ကုန်ပစ္စည်းများ ဆောင်ရွက်ပါက အလုပ်သမားများ ဝန်မပိစေရေးအတွက် ကုန်ပစ္စည်း၏ အလေးချိန်၊ အရွယ်ပမာဏကို သုံးသပ်၍ အလုပ်သမားနှစ်ဦး (သို့မဟုတ်) လိုအပ်သည့် အလုပ်သမားဦးရေဖြင့် ထမ်းပိုးဆောင်ရွက်စေရမည်။

၂၆။ စက်ပစ္စည်းများ၊ ပေကျိုကုန်ပစ္စည်းများ၊ မီးလောင်ပေါက်ကွဲလွယ်သော ကုန်ပစ္စည်းများအား အတင်အချလုပ်ငန်းများ ဆောင်ရွက်ပါက စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရမည်။

## အခန်း (၁၀)

## လုပ်ခနှုန်းထားများ သတ်မှတ်ခြင်း

၂၇။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများမှ ဆောင်ရွက်လျက်ရှိသော လုပ်ခနှုန်းထားများသည် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများက အတည်ပြုထားသော လုပ်ခနှုန်းထားများသာ ဖြစ်ရမည်။

၂၈။ သတ်မှတ်အတည်ပြုထားသော လုပ်ခနှုန်းထားများသည် ဒေသန္တရကာလနှင့် လျော်ညီစေရန် တိုးမြှင့်ပြင်ဆင်သတ်မှတ်ရန် လိုအပ်ပါက (၁) နှစ် တစ်ကြိမ် ပြင်ဆင်သတ်မှတ်နိုင်သည်။

၂၉။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများသည် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများက အတည်ပြုပြင်ဆင်သတ်မှတ်ထားသည့် လုပ်ခနှုန်းထားများကို စနစ်တကျပြုစု၍ အတည်ပြုစာနှင့်အတူ တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြအစီရင်ခံရမည်။

## အခန်း (၁၁)

## အလုပ်သမားသက်သာချောင်ချိရေးလုပ်ငန်းများနှင့် လုပ်ငန်းခွင်သာယာရေးဆောင်ရွက်ခြင်း

၃၀။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးရှိ ကော်မတီခန့် လခစား/ဝေစုစားဝန်ထမ်းနှင့်အလုပ်သမားများ၏ သက်သာချောင်ချိရေး အကျိုးခံစားခွင့်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ငွေလက်ငင်းအကျိုးခံစားခွင့်တွင် မကျန်းမာမှုဆိုင်ရာခံစားခွင့်၊ အလုပ်ခွင်ထိခိုက်မှုခံစားခွင့်၊ သက်ကြီးရွယ်အိုခံစားခွင့်၊ မသန်စွမ်းမှုဆိုင်ရာခံစားခွင့်၊ အလုပ်မှနုတ်ထွက်မှုဆိုင်ရာခံစားခွင့်၊ သေဆုံးမှုဆိုင်ရာခံစားခွင့်၊ မီးဖွားမှုဆိုင်ရာခံစားခွင့်၊ ပညာရေးဆိုင်ရာခံစားခွင့်များကို ခံစားစေရမည်။ လူမှုဖူလုံရေးဥပဒေအရ အကျုံးဝင်သော မြို့နယ်ဖြစ်ပါက ထိုအလုပ်သမားသည် လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့်ရှိစေရမည်။ လူမှုဖူလုံရေးဥပဒေအရ အကျုံးမဝင်သော အလုပ်သမားဖြစ်ပါက မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ခံစားခွင့်ရှိစေရမည်။

(ခ) လုပ်ငန်းခွင်အတွင်း သက်သာချောင်ချိရေးခံစားခွင့်ရရှိစေရန် လိုအပ်သော လုပ်ငန်းခွင်သုံး ကိရိယာများ လုံလောက်စွာစီစဉ်ထားရှိခြင်း၊ သန့်ရှင်းစင်ကြယ်သော သောက်သုံးရေများ လုံလောက်စွာထားရှိခြင်း၊ ရှေးဦးသူနာပြုသေတ္တာနှင့် လိုအပ်သောဆေးဝါးများ စီစဉ်ထားရှိခြင်း၊ တူညီဝတ်စုံများ ထုတ်ပေးခြင်းများကို တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြ၍ ဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းခွင်ပြင်ပသက်သာချောင်ချိရေးခံစားခွင့်များ ရရှိစေရန် လုပ်သားများ အားလပ်ချိန်တွင် နားနေနိုင်ရန် အလုပ်သမားရိပ်သာများ ဆောက်လုပ်ပေးခြင်း၊ ကွပ်ပျစ်/ဖယောင်းပုဆိုး/ဖျာများ စီစဉ်ပေးခြင်း၊ သန့်စင်ခန်း/ရေချိုးခန်းများ လုံလောက်စွာစီစဉ်ပေးခြင်း၊ ဗဟုသုတတိုးပွားစေရန် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ဂြိုဟ်တုရုပ်သံဖမ်းစက်များ စီစဉ်ထားရှိခြင်း၊ စာကြည့်တိုက်/ စာဖတ်ခန်းများ စီစဉ်ထားရှိခြင်းတို့ကို တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြ၍ ဆောင်ရွက်ရမည်။

## အခန်း (၁၂)
## လုပ်ငန်းခွင်စည်းကမ်းများသတ်မှတ်ခြင်းနှင့်အရေးယူခြင်း

၃၁။ ကုန်တင်ကုန်ချလုပ်ငန်းသဘာဝအရ အလုပ်ချိန်တိတိကျကျ သတ်မှတ်ရန်မဖြစ်နိုင်သော်လည်း မြို့နယ် ကုန်တင်ကုန်ချကော်မတီရုံးများသည် မိမိမြို့နယ်၏ လုပ်ငန်းသဘာဝနှင့်ကိုက်ညီသော အလုပ်သမား ဂိုဏ်းချချိန်နှင့် ဂိုဏ်းသိမ်းချိန်များကို မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ ဆုံးဖြတ်ချက်များဖြင့် သတ်မှတ် ထားရှိစေရမည်။

၃၂။ လုပ်သားများ လုပ်ငန်းခွင်တွင် စည်းကမ်းတကျရှိစေရန် အလုပ်မဆင်းနိုင်သည့် လုပ်သားများအတွက် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ခွင့်ခံစားနိုင်သည့်ခွင့်ရက်များကို သတ်မှတ်ပေးရမည်။

၃၃။ ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း တာဝန်ပျက်ကွက်ခြင်း၊ ကုန်ပစ္စည်းပျက်စီး ဆုံးရှုံးခြင်း၊ ကုန်ပစ္စည်းခိုးယူခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ မူးယစ်သောက်စားခြင်း၊ လောင်းကစားပြုလုပ်ခြင်း၊ လူစားထိုးခိုင်းစေခြင်း ကိုယ်ကျိုးရှာမှုနှင့် အလွဲသုံးစားမှုများ မဖြစ်ပွားစေရေးနှင့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၃)
## တားမြစ်ချက်များ

၃၄။ မည်သူမျှ အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ -

(က) ခွင့်ပြုချက်မရှိဘဲ ကုန်တင်ကုန်ချလုပ်ငန်းကို လုပ်ကိုင်ခြင်း၊

(ခ) မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်အားခကို အလွဲသုံးစားပြုခြင်း၊

(ဂ) မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးနှင့်စပ်လျဉ်း၍ ခွင့်ပြုထားသည့် ကရုဏာကြေးနှင့်ထောက်ပံ့ကြေးတို့ကို သက်ဆိုင်ရာရန်ပုံငွေမှ ထုတ်ပေးရန် ပျက်ကွက်ခြင်း။

၃၅။ မည်သူမျှ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီမှ လွှဲအပ်တာဝန်ပေးချက်အရ ကော်မတီ သို့မဟုတ် ကော်မတီဝင်တစ်ဦးဦးက ကုန်တင်ကုန်ချလုပ်ငန်းနှင့်စပ်လျဉ်း၍ တာဝန်အရဆောင်ရွက်မှုများကို တားဆီးခြင်း သို့မဟုတ် ဟန့်တားနှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း မပြုရ။

၃၆။ မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊ ကျူးလွန်ခြင်း မပြုရ -

(က) သက်ဆိုင်ရာ ကုန်တင်ကုန်ချ သို့မဟုတ် ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ထားသော အခကြေးငွေထက်ပို၍ အများပြည်သူထံမှ လုပ်အားခ ပိုမိုတောင်းခံခြင်း၊

(ခ) ကုန်တင်ကုန်ချလုပ်ငန်း ခွင့်ပြုချက်နှင့်စပ်လျဉ်း၍ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း။

## အခန်း (၁၄)
## ပြစ်ဒဏ်များ

၃၇။ မည်သူမဆို ပုဒ်မ ၃၄ ပုဒ်မခွဲ (က) (ခ) နှင့် (ဂ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၈။ မည်သူမဆို ပုဒ်မ ၃၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၉။ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း (၁၅)
## အထွေထွေ

၄၀။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် ကုန်တင်ကုန်ချလုပ်ငန်း ခွင့်ပြုချက်ထုတ်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ လုပ်ငန်းခွင့်ပြုချက်သက်တမ်း၊ လုပ်ငန်းခွင့်ပြုချက် အခကြေးငွေ၊ သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေးငွေများကို သတ်မှတ်ရမည်။

၄၁။ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သည့် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုမဆို တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ၏ ခွင့်ပြုချက်ဖြင့် လွှဲအပ်တာဝန်ပေးခြင်းခံရသူသည် သက်ဆိုင်ရာ မြို့နယ်တရားရုံးတွင် တရားစွဲဆိုပိုင်ခွင့်ရှိသည်။

၄၂။ ယခင် ပြည်တွင်းကုန်တင်ကုန်ချကော်မတီသည် ဤဥပဒေအရဖွဲ့စည်းထားသည့် ကော်မတီထံ လုပ်ငန်းနှင့်ပိုင်ဆိုင်ခွင့်အရပ်ရပ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တာဝန်ပေးအပ်ထားသည့် အဖွဲ့အစည်းတစ်ခု၏ ကြီးကြပ်မှုဖြင့် လွှဲပြောင်းပေးအပ်စေရမည်။

၄၃။ ၁၉၄၇ ခုနှစ်၊ အရေးကြီးကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာအက်ဥပဒေအရ ထုတ်ပြန်ခဲ့သည့် ၁၉၅၉ ခုနှစ်၊ အလုပ်သမားများ အလုပ်အကိုင် ကြီးကြပ်အုပ်ချုပ်ရေးအမိန့်သည်လည်းကောင်း၊ ယင်းအမိန့်အရ ပြုလုပ်သည့် ၁၉၇၀ ပြည့်နှစ် ပြည်တွင်းကုန်တင်ကုန်ချအလုပ်သမားများ စောင့်ရှောက်ရေးစည်းမျဉ်းဥပဒေများ၊ ၂၀၀၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် တည်မြဲအမိန့်နှင့်ဘဏ္ဍာရေးစည်းမျဉ်းတို့သည်လည်းကောင်း ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

# ဧရာဝတီတိုင်းဒေသကြီး ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ (မူကြမ်း)
## ( ၂၀၁၃ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၅ ခုနှစ်၊ လ ရက်
( ၂၀၁၃ ခုနှစ်၊ လ ရက် )

### နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဧရာဝတီတိုင်းဒေသကြီးအတွင်း ယစ်မျိုးခွန်များ စနစ်တကျ ကောက်ခံနိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **ဧရာဝတီတိုင်းဒေသကြီးယစ်မျိုးခွန်ကောက်ခံရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေကို ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ဧရာဝတီတိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ပေးသော ဝန်ကြီးကို ဆိုသည်။

(ဃ) **တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး**ဆိုသည်မှာ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဌာနအကြီးအကဲကို ဆိုသည်။

(င) **ယစ်မျိုးခွန်**ဆိုသည်မှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေအရ သတ်မှတ်ထားသော အခွန်များကို ဆိုသည်။

(စ) **ယစ်မျိုးသက်ဝင်ပစ္စည်း (Excisable article)** ဆိုသည်မှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေတွင် ဖွင့်ဆိုထားသည့်အရက်အပါအဝင် ယစ်မျိုးသက်ဝင်ပစ္စည်းကို ဆိုသည်။

(ဆ) **ယစ်မျိုးဝင်ကုန်ပစ္စည်း (Excisable goods)** ဆိုသည်မှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ၏ ဒုတိယဇယားတွင် ယစ်မျိုးခွန်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် ကုန်ပစ္စည်းကို ဆိုသည်။

(ဇ) **အရက် (Alcoholic Liquid)** ဆိုသည်မှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေတွင် သတ်မှတ်ထားသည့်အရာများအပါအဝင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ အရက်ဟုသတ်မှတ်ထားသော အရာများကို ဆိုသည်။

(ဈ) **ဘီယာ (Ale. Stout. Porter)** ဆိုသည်မှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေတွင် သတ်မှတ်ထားသည့်အရာများအပါအဝင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ အရက်ဟုသတ်မှတ်ထားသော အရာများကို ဆိုသည်။

(ည) **ပြည်တွင်းဖိုထွက်ချက်အရက် (Country Spirit)** ဆိုသည်မှာ ပေါင်းဖိုနှင့်ခံယူ၍ ရရှိသည့် အရက်ပြန်ပါဝင်သော မည်သည့်အရက်တစ်စုံတစ်ရာကိုမဆို ဆိုသည်။

(ဋ) **ထန်းရည် (Tari)** ဆိုသည်မှာ ကစော်ဖောက်သည်ဖြစ်စေ၊ မဖောက်သည်ဖြစ်စေ၊ ထန်း၊ ဓနိ၊ အုန်း၊ ပေ စသည့်အပင်အမျိုးမျိုးမှထွက်သော အရည်ကို ဆိုသည်။

(ဌ) **တည်အရက် (Fermented Liquid)** ဆိုသည်မှာ ချက်အရက်မှတစ်ပါး အရက်ပြန်ပါဝင်သည့် အရက်ကို ဆိုသည်။ ယင်းစကားရပ်တွင် လျှော်စာရည်၊ ခေါင်ရည်တို့ ပါဝင်သည်။

(ဍ) **သောက်ပျော်သောအရက် (Potable Alcoholic Liquid)** ဆိုသည်မှာ ပြုပြင်ပြီး မူလသတ္တိပျက် အရက်မှတစ်ပါး အရက်ပြန်ပါဝင်သည့် အရက်တစ်မျိုးမျိုးကို ဆိုသည်။

(ဎ) **မူလသတ္တိပျက်ပြီး (Denatured)** ဆိုသည်မှာ ယစ်မျိုးအက်ဥပဒေအရ သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လူတို့သောက်သုံးရန် မသင့်အောင်ပြုပြင်ပြီးသည်ကို ဆိုသည်။

(ဏ) **ချက်လုပ်ခြင်း**ဆိုသည့် စကားရပ်တွင် အောက်ပါတို့ပါဝင်သည် -

(၁) သဘာဝအားဖြင့်ဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ ယစ်မျိုးသက်ဝင်ပစ္စည်းတစ်စုံတစ်ရာကို ထွက်ရှိစေရန် သို့မဟုတ် ရရှိစေရန်ပြုလုပ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ထန်းပင်မှ အရည်ခံခြင်း၊ ထုတ်ယူခြင်းတို့ ပါဝင်သည်။

(၂) ပြန်၍ ပေါင်းခံခြင်း (Redistillation)။

(၃) အရက်ပြန်ပါဝင်သည့် အရက်ကိုပြုပြင်ခြင်း၊ အနံ့၊ အရသာထည့်ခြင်း၊ ရောနှောခြင်း၊ အရောင်ဆိုးခြင်း။

(တ) **လက်လီ သို့မဟုတ် လက်ကားရောင်းချမှု (Retall and Whole Sale)** ဆိုသည်မှာ ဤဥပဒေနှင့် ဤဥပဒေအရပြုသည့် နည်းဥပဒေများအရ ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာများနှင့်အညီ အခြင်အတွယ်အတိုင်း ရောင်းချခြင်းကို ဆိုသည်။

(ထ) **လိုင်စင်**ဆိုသည်မှာ ဤဥပဒေအရ ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းတို့အတွက် ခွင့်ပြုသည့် ခွင့်ပြုမိန့်ကို ဆိုသည်။ လိုင်စင်သက်တမ်းအတွက် ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရက်သေစာသောက်စားခြင်း အလေ့အထပြန့်ပွားခြင်းကို အားပေးခြင်းမရှိစေရန်၊

(ခ) သေရည်သေရက်ဖြန့်ဖြူးရောင်းချရာတွင် တရားမဝင် ထုတ်လုပ်မှု၊ ရောင်းချမှုမရှိစေရန်၊

(ဂ) မူးယစ်စေသော သေရည်သေရက်ရောင်းချခြင်းမှာ အခွန်ငွေရရှိစေရန်အလို့ငှာသာမဟုတ်ဘဲ သောက်စားသုံးစွဲခြင်းလျော့နည်းစေရန် သေရည်သေရက်ရောင်းချခြင်းကို အခွန်ကောက်ခံသည်ဟု စွဲမြဲမှတ်ယူစေရန်၊

(ဃ) တိုင်းဒေသကြီး ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေကို ဥပဒေနှင့်အညီ ရရှိစေရန်။

## အခန်း (၃)
## ယစ်မျိုးခွန်နှုန်းထားများသတ်မှတ်ခြင်း

၄။ တိုင်းဒေသကြီးယစ်မျိုးခွန်ကောက်ခံရေးနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ဤဥပဒေပါ နောက်ဆက်တွဲဇယားအတိုင်းကောက်ခံရန် သတ်မှတ်သည်။

၅။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေ ကျပ် ၅၀၀၀၀၀ အထိဖြစ်ပါက လိုင်စင်ချထားပေးသည့်အချိန်တွင် ကျင်သင့်သောငွေကို တစ်ကြိမ်တည်း အပြေအကျေပေးသွင်းရမည်။

၆။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေ ကျပ် ၅၀၀၀၀၀ အထက်မှ ၃၀၀၀၀၀၀ အထိဖြစ်ပါက လိုင်စင်ချထားပေးသည့်အချိန်တွင် ကျသင့်ငွေ၏တစ်ဝက်ကို တစ်ကြိမ်တည်းပေးသွင်းစေပြီး ကျန်တစ်ဝက်ကို ဘဏ္ဍာရေးနှစ်ဝက်အတွင်း အပြေအကျေပေးသွင်းရမည်။

၇။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေ ကျပ် ၃၀၀၀၀၀၀ အထက်ဖြစ်ပါက လိုင်စင်ချထားပေးသည့်အချိန်တွင် ကျသင့်ငွေ၏သုံးပုံတစ်ပုံကို တစ်ကြိမ်တည်းပေးသွင်းရမည်။ ကျန်သုံးပုံနှစ်ပုံကို ဘဏ္ဍာရေးနှစ်ဝက်အတွင်း နှစ်ကြိမ်ခွဲ၍ အပြေအကျေပေးသွင်းရမည်။

၈။ ယစ်မျိုးခွန်လိုင်စင်ကို ပြန်လည်အပ်နှံလိုသူသည် သတ်မှတ်ထားသည့် ယစ်မျိုးခွန်များကို အပြေအကျေပေးသွင်းပြီးမှသာ ယစ်မျိုးခွန်လိုင်စင်ကို ပြန်လည်အပ်နှံခွင့်ပြုမည်။

၉။ ဤဥပဒေအရ ယစ်မျိုးခွန်အပြည့်အဝကောက်ခံရရှိနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီး၏ကြီးကြပ်မှုဖြင့် လိုအပ်သော ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

## အခန်း (၄)

## အထွေထွေ

၁၀။ ယစ်မျိုးစီမံခန့်ခွဲခြင်း၊ အခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီး၏ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၁၁။ ဤဥပဒေအရ ပေးရန်ရှိသော ယစ်မျိုးခွန်ငွေကြေးအားလုံးကို ပေးဆောင်ရန် ပျက်ကွက်လျှင် အခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၁၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက ထုတ်ပြန်နိုင်သည်။

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ယစ်မျိုးခွန်တိုးမြှင့်ကောက်ခံရန် လျာထားချက်တင်ပြခြင်း

| စဉ် | လိုင်စင်အမျိုးအစား | လိုင်စင်အဓိပ္ပာယ် | လက်ရှိကောက်ခံနေသည့်လိုင်စင်နှုန်းထား | တိုးမြှင့်ရန်လျာထားသည့်နှုန်းထား |
|---|---|---|---|---|
| ၁။ | CFL-1 | ဆိုင်ဥပစာအတွင်းသောက်သုံးရန် သို့တည်းမဟုတ် ဆိုင်ပြင်ပသို့ ယူဆောင်သွားရန် ထန်းရည်/ဓနိရည်ကို လက်လီရောင်းချခွင့်လိုင်စင် (လေလံ) | ၁၀၀၀၀၀ | ၂၀၀၀၀၀ |
| ၂။ | CFL-2A | ထန်းရည်/ဓနိရည်မှအပ လျှော်စာရည်ကို စားသောက်ဆိုင် (သို့မဟုတ်) အပန်းဖြေစခန်းရှိ ဘားခန်း၌ ဥပစာအတွင်း သောက်သုံးရန် လက်လီရောင်းချခွင့်လိုင်စင် (ပုံသေ) | ၅၀၀၀ | ၅၀၀၀၀ |
| ၃။ | CS-1 | ဆိုင်ဥပစာအတွင်း သောက်သုံးရန်ဖြစ်စေ သို့တည်းမဟုတ် ပြင်ပသို့ ထုတ်ယူသွားရန်ဖြစ်စေ မြန်မာနိုင်ငံအတွင်း အရက်ချက်စက်ရုံတစ်ခုတစ်ခုတွင် ချက်လုပ်သော တောချက်အရက် (ခေါ်) ချက်အရက်ကို လက်လီရောင်းချခွင့်လိုင်စင် (လေလံ) | ၅၀၀၀၀ | ၁၅၀၀၀၀ |
| ၄။ | CS-3 | မြန်မာနိုင်ငံတွင်းရှိ ပေါင်းဖိုတစ်ခုမှ အရက်များကို ဆိုင်ဥပစာအတွင်း သောက်သုံးရန်နှင့် ပြင်ပသို့ ယူဆောင်သွားရန် လက်လီရောင်းချခွင့်လိုင်စင် (လေလံ) | ၅၀၀၀၀ | ၁၅၀၀၀၀ |
| ၅။ | CS-2A | အရက်ချက်လိုင်စင်ရ ဖိုထွက်အရက်၊ စက်ရုံထွက်အရက် (အရက်ဖြူ) ကို စားသောက်ဆိုင် (သို့) နားနေခန်းဥပစာအတွင်း သောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် (ပုံသေ) | ၅၀၀၀၀ | ၁၅၀၀၀၀ |
| ၆။ | FL-6 | မြန်မာပြည်တွင်းရှိ အရက်ချက်စက်ရုံမှ ထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို လက်ကားရောင်းချခွင့်လိုင်စင် (ပုံသေ) | ၁၂၀၀၀၀၀ | ၁၅၀၀၀၀၀ |
| ၇။ | FL-9 | မြန်မာပြည်တွင်းရှိ ဘီယာစက်ရုံမှထုတ်လုပ်သော ဘီယာများကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့) ဥပစာပြင်ပယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် (ပုံသေ) | ၅၀၀၀၀၀ | ၁၀၀၀၀၀၀ |
| ၈။ | FL-11 | နိုင်ငံခြားအရက်များ (Foreign Spirit) လက်ကားရောင်းချခွင့်လိုင်စင် (ပုံသေ) | ၅၀၀၀၀၀ | ၁၀၀၀၀၀၀ |
| ၉။ | FL-12 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ကုန်စုံဆိုင်တွင် လက်လီ၊ လက်ကားရောင်းချခွင့်ရှိပြီး ဆိုင်ဥပစာအတွင်း သောက်သုံးခွင့်မရှိသည့်လိုင်စင် (ပုံသေ) | ၂၅၀၀၀၀ | ၆၀၀၀၀၀ |

| စဉ် | လိုင်စင် အမျိုးအစား | လိုင်စင်အဓိပ္ပာယ် | လက်ရှိကောက်ခံ နေသည့်လိုင်စင် နှုန်းထား | တိုးမြှင့်ရန် လျာထားသည့် နှုန်းထား |
|---|---|---|---|---|
| ၁၀။ | FL-16 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ကလပ်ပိုင်ရှင်က ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် (ပုံသေ) | ၃၀၀၀၀၀ | ၅၀၀၀၀၀ |
| ၁၁။ | FL-17 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဟိုတယ်နှင့်နားနေခန်း၊ ဘူတာ၊ လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထားစားသောက်တွဲနှင့် စားသောက်ဆိုင်ဥပစာတွင် သောက်သုံးရန် ဟိုတယ်ပိုင်ရှင် (သို့) မန်နေဂျာက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် (ပုံသေ) | ၆၀၀၀၀၀ | ၁၀၀၀၀၀၀ |
| ၁၂။ | D-1 | အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့်လိုင်စင် (ပုံသေ) | | |
| | | [တစ်နေ့ထုတ်လုပ်မှုအရ(+) ဂါလန် (၅၀-၅၀၀) | ၁၂၀၀၀၀၀ | ၁၅၀၀၀၀၀ |
| | | (+) ဂါလန် (၅၀၀-၁၀၀၀) | ၂၄၀၀၀၀၀ | ၃၀၀၀၀၀၀ |
| | | (+) ဂါလန် (၁၀၀၀၀) အထက်] | ၃၆၀၀၀၀၀ | ၄၅၀၀၀၀၀ |
| | | သတ်မှတ်ပါသည်။ | | |
| ၁၃။ | D-1A | ပြည်တွင်းဖြစ်နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို ထုတ်လုပ်ရန်၊ ပေါင်းစပ်ရန်၊ ရောနှောရန်၊ အရောင်ဆိုးရန်၊ အနံ့ထည့်ရန်၊ ပုလင်းသွတ်ရန်၊ အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်လိုင်စင် ရောင်းချသူများကိုသာ လက်ကားရောင်းချခွင့်လိုင်စင် (ပုံသေ) | ၁၂၀၀၀၀၀ | ၂၀၀၀၀၀၀ |
| ၁၄။ | W-1 | ဝိုင်အရက်များ ထုတ်လုပ်ခွင့်လိုင်စင် (ပုံသေ) | ၁၀၀၀၀ | ၁၀၀၀၀၀ |

# ဧရာဝတီတိုင်းဒေသကြီး လမ်းများ၊ တံတားများဥပဒေ (မူကြမ်း)
## ( ၂၀၁၃ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်    ။ )

၁၃၇၅ ခုနှစ်၊ လ ရက်
( ၂၀၁၃ ခုနှစ်၊ လ ရက် )

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ ဤဧရာဝတီတိုင်းဒေသကြီး လမ်းများ၊ တံတားများဥပဒေသည် ပြဋ္ဌာန်းသည့်နေ့ရက်မှစ၍ အာဏာတည်သည်ဟု မှတ်ယူရမည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို လမ်းများ၊ တံတားများဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်။

(ဃ) **တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**ဆိုသည်မှာ ဧရာဝတီတိုင်းပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကို ဆိုသည်။

(င) **လမ်း**ဆိုသည်မှာ အစိုးရအဖွဲ့က ဤဥပဒေအလို့ငှာ လုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်သောလမ်းနှင့် ယင်းလမ်း၏နယ်နိမိတ် သို့မဟုတ် လမ်းမကြီးနှင့် ယင်းလမ်းမကြီး၏နယ်နိမိတ်ကို ဆိုသည်။

(စ) **တံတား**ဆိုသည်မှာ အစိုးရအဖွဲ့က ဤဥပဒေအလို့ငှာ လုပ်ထုံးလုပ်နည်းဖြင့်သတ်မှတ်သော တံတားကို ဆိုသည်။

(ဆ) **ယာဉ်**ဆိုသည်မှာ စီးနင်းလိုက်ပါရန်ဖြစ်စေ၊ ကုန်စည်သယ်ယူပို့ဆောင်ရန်ဖြစ်စေ၊ စက်စွမ်းအားဖြင့်လည်းကောင်း၊ စွမ်းအင်တစ်မျိုးမျိုးဖြင့်လည်းကောင်း ကုန်းပေါ်တွင် မောင်းနှင်သွားလာသည့် ယာဉ်အမျိုးမျိုးကို ဆိုသည်။

(ဇ) **တိရစ္ဆာန်**ဆိုသည်မှာ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ မြည်း၊ လား၊ သိုး၊ ဆိတ်နှင့်ဝက်တို့ကို ဆိုသည်။

(ဈ) **လှည်း**ဆိုသည်မှာ လူဖြင့်ဖြစ်စေ၊ တိရစ္ဆာန်ဖြင့်ဖြစ်စေ ဆွဲခြင်း၊ တွန်းခြင်း သို့မဟုတ် တွဲခြင်းဖြင့် ရွေ့လျားစေသော ဘီးတပ်လှည်းတစ်မျိုးမျိုးကို ဆိုသည်။

(ည) **ဘီးကွပ်**ဆိုသည်မှာ ဘီးတွင်တပ်ဆင်ထားသည့် သံချိန်း၊ သံသွား၊ သံကြိုး၊ သံပတ်၊ ရော်ဘာ တစ်မျိုးမျိုးကို ဆိုသည်။

(ဋ) **အသုံးပြုသူ**ဆိုသည်မှာ အစိုးရအဖွဲ့က ဤဥပဒေအလို့ငှာ သတ်မှတ်သောလမ်းနှင့်တံတားပေါ်တွင် သွားလာသူ သို့မဟုတ် အခြားနည်းဖြင့် အသုံးပြုသူကို ဆိုသည်။

(ဌ) **အသုံးပြုခြင်း**ဆိုသည်မှာ အစိုးရအဖွဲ့ကသတ်မှတ်သောလမ်းနှင့်တံတားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းကို ဆိုသည်။

(ဍ) **အသုံးပြုခ**ဆိုသည်မှာ အစိုးရအဖွဲ့က သတ်မှတ်သော လမ်းနှင့်တံတားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းကို ဆိုသည်။

(ဎ) **ကြီးကြပ်သူ**ဆိုသည်မှာ အသုံးပြုကောက်ခံရေးကြီးကြပ်ရန် အစိုးရအဖွဲ့က သတ်မှတ်သည့် အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းကို ဆိုသည်။

(ဏ) **ကောက်ခံသူ**ဆိုသည်မှာ အသုံးပြုခကောက်ခံရန် ကြီးကြပ်သူက တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လမ်းနှင့်တံတားများဖောက်လုပ်ခြင်းဖြင့် ကျေးရွာတစ်ရွာနှင့်တစ်ရွာ၊ မြို့နယ်တစ်ခုနှင့်တစ်ခု၊ ခရိုင်တစ်ခုနှင့်တစ်ခုအကြား လမ်းပန်းဆက်သွယ်မှု လွယ်ကူစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန်နှင့် နယ်မြေဒေသအားလုံး စီးပွားရေး၊ လူမှုရေးအပါအဝင် ဘက်စုံမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရေးတို့ကို အထောက်အကူဖြစ်စေရန်၊

(ဂ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားအသစ်များ ဖောက်လုပ်ခြင်းဖြင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်ဆက်သွယ်သည့် လမ်းမကြီးများဖြင့် ချိတ်ဆက်ဖောက်လုပ်ခြင်းဖြင့်လည်းကောင်း နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်၊

(ဃ) လမ်းနှင့်တံတားများတိုးချဲ့ခြင်း၊ ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရန်၊

(င) လမ်းနှင့်တံတားများပေါ်တွင် ဖြတ်သန်းသွားလာအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်ရန်။

## အခန်း (၃)
## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများချမှတ်ခြင်း၊

(ခ) လမ်းနှင့်တံတားများ ဖောက်လုပ်ရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများနှင့် အထူးအဖွဲ့စီမံကိန်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) အိမ်နီးချင်းနိုင်ငံများနှင့်ဆက်သွယ်သည့် လမ်းမကြီးများဖြင့် ချိတ်ဆက်မည့် လမ်းနှင့်တံတားများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းချမှတ်၍ ဖောက်လုပ်ခြင်း၊

(ဃ) စီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(င) လမ်းနှင့်တံတားများ၏ နယ်နိမိတ်သတ်မှတ်ကြေညာခြင်း၊

(စ) တိုင်းဒေသကြီးအတွင်းရှိ ပြည်ထောင်စုလမ်းများ ဖောက်လုပ်ရန်၊ တိုးချဲ့ရန် လမ်းအထူးအဖွဲ့များ၊ အထူးစီမံကိန်းကြီးများ၊ ကုမ္ပဏီများ ဝင်ရောက်လုပ်ကိုင်သည့်အခါ အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဆ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ ပြုပြင်ထိန်းသိမ်းရန် ကြီးကြပ်ခြင်း၊

(ဇ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း၊ စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း၊

(ဈ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ ဖောက်လုပ်ခြင်းနှင့် တိုးချဲ့ခြင်းများပြုလုပ်ရာတွင် မြေသိမ်းယူခြင်းနှင့် အဆောက်အဦဖယ်ရှားခြင်းများကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

(ည) တိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများဖောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် နည်းပညာများ ဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများဖောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက် ( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

### အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၁၃

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက် )

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၁ ဖြင့် ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာများတွင် အစမ်းတိုးမြှင့်ခန့်ထားခဲ့သော အောက်ဖော်ပြပါ ဦးစီးအရာရှိ (၂) ဦးတို့အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်ပြီး ယင်းတို့၏ အမည်နှင့်ယှဉ်တွဲဖော်ပြပါ ဌာနများတွင် တာဝန်ပေးအပ်လိုက်သည် -

| **စဉ်** | **အမည်** | **ရာထူး** | **ဌာန** |
|---|---|---|---|
| (၁) | ဦးစိုးလွင် | ဦးစီးအရာရှိ | သယ်ပို့ဌာနစု |
| (၂) | ဦးဝင်းမြင့် | ဦးစီးအရာရှိ | ထောက်ပံ့ဌာနစု |

### အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၁၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၂ ဖြင့် ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာများတွင် အစမ်းတိုးမြှင့်ခန့်ထားခဲ့သော အောက်ဖော်ပြပါ ဦးစီးအရာရှိ (၅) ဦးတို့အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်ပြီး ယင်းတို့၏ အမည်နှင့်ယှဉ်တွဲဖော်ပြပါ ဌာနများတွင် တာဝန်ပေးအပ်လိုက်သည် -

| **စဉ်** | **အမည်** | **ရာထူး** | **ဌာန** |
|---|---|---|---|
| (၁) | ဦးကျော်သန်း | ဦးစီးအရာရှိ | တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဌာနစု |
| (၂) | ဒေါ်သင်းသင်းနွယ် | ဦးစီးအရာရှိ | ပြည်သူ့လွှတ်တော်ဌာနစု |
| (၃) | ဒေါ်အေးအေးမော် | ဦးစီးအရာရှိ | စီမံ/ဝန်ထမ်းဌာနစု |

| **စဉ်** | **အမည်** | **ရာထူး** | **ဌာန** |
|---|---|---|---|
| (၄) | ဦးကျော်ဇေယျာတင့် | ဦးစီးအရာရှိ | အမှုလက်ခံနှင့်ကြီးကြပ်ဌာနစု |
| (၅) | ဒေါ်မြတ်ရင်မွန် | ဦးစီးအရာရှိ | ဘဏ္ဍာရေးဌာနစု |

တင်ထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး။

**[ ယခင်အပတ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၃၊ Master and Deck Department နှင့် Engine Department တို့အတွက် ပင်လယ်ပြင်လုပ်သက်တွက်ချက်ခြင်းဆိုင်ရာနည်းလမ်းများနှင့် ပတ်သက်သည့်လမ်းညွှန်ချက်များမှအဆက် ]**

## ENGINE DEPARTMENT

### Certificate Structure

6. The Notifications provides for the certification of Marine Engineer Officers and Electro-Technical Officer as shown in *Table 3*. However, additional flexibility is provided by further limitations and restrictions on certification for specific ship types or trades, as appropriate.

**Table 3 : Summary of Engineer Officer Certificates of Competency**

| No. | Certificate | Capacity | kW Limitation | STCW Regulation |
|---|---|---|---|---|
| 1. | Marine Engineer Officer Class I | Chief Engineer | 3,000 kW or more | III/2 |
| 2. | Marine Engineer Officer Class II | Second Engineer | 3,000 kW or more | III/2 |
| 3. | Marine Engineer Officer Class III | Officer in charge of an Engineering Watch (OEW) | 750 kW or more | III/1 |
| 4. | Marine Engineer Officer Class IV | Chief Engineer | Less than 3,000 kW | III/3 |
| 5. | Marine Engineer Officer Class V | Second Engineer | Less than 3,000 kW | III/3 |
| 6. | Electro-Technical Officer | Electrical Engineer | Unlimited | III/6 |

7. There are two main routes to gaining the necessary skills and underpinning knowledge required for the issue of a certificate of competency:

(A) (1) through a Degree from University, or

(2) through a Diploma from the College, and

(B) the route based on traditional examinations alone.

8. Where appropriate, any route can lead through the nationally recognized qualifications, either a Degree from Myanmar Maritime University or Institute Technology or a Diploma

from Myanmar Mercantile Marine College or attempts on traditional examinations conducted by the Department of Marine Administration (DMA).

**Approved Seagoing Service**

9. (A) **"Seagoing service"** means *service on board a ship* relevant to the issue or revalidation of a certificate or other qualification.

(B) **"Approved seagoing service"** means *qualified seagoing service* on board a ship, relevant to the issue or revalidation of a certificate or other qualification, which has been identified and approved by the Department of Marine Administration (DMA).

(C) **"Qualified seagoing service"** means *seagoing service on board a ship* which has been determined by the Department of Marine Administration (DMA) in accordance with the requirements for such service specified in *paragraph 3 of this Directive.*

(D) The phrase ***"service on board a ship"*** allows the acceptance of service on board a ship while it is in port or in dry-dock and so on, provided that, such periods form part of normal ship operations in which seafarers have to become competent and it is the intention to provide for their acceptance as part of a seagoing voyage completed by the seafarer. Although valuable experience, periods of service performed as relieving officer on board a ship only while it is in port and which do not include any part of the seagoing stage of the voyage cannot be described as seagoing.

10. **Summary of Seagoing service requirements for certificate of competency and proficiency** The period of sea service required for certification varies with the level of certification and the training programme followed. The minimum requirements for the issue of an engineer officer's competency certificate and engine rating's proficiency certificate are shown in the table below.

**Table 4 : Summary of Engineer Officer Certificates of Competency**

| Capacity | Voyage | Ship size | Min. age | MMU | MMMC | BE (Other), B.Tech & Technology Diploma | Matriculated |
|---|---|---|---|---|---|---|---|
| **MEO Class III (Reg.III/1)** | Unlimited | Unlimited | 18 | 9 months as watch-keeping service with onboard Training Record Book | 9 months as watch-keeping service with onboard Training Record Book | 9 months as watch-keeping service with onboard Training Record Book | 36 months as approved seagoing service |
| **MEO Class II (Reg.III/2)** | Unlimited | Unlimited | - | 12 months in ship with Eng:Power>3000kW as OEW whilst holding MEO Class III certificate | | | |
| **MEO Class I (Reg.III/2)** | Unlimited | Unlimited | - | 24 months as OEW (or) 12 months as 2nd Engineer in ship with Eng:Power>3000kW whilst holding MEO Class II certificate | | | |
| **MEO Class V (Reg.III/3)** | Unlimited | <3000kW | - | 12 months as Assistance Engineer or Engineer Whilst holding MEO Class III certificate | | | |

| Capacity | Voyage | Ship size | Min. age | MMU | MMMC | BE (Other), B.Tech & Technology Diploma | Matriculated |
|---|---|---|---|---|---|---|---|
| **MEO Class IV (Reg.III/3)** | Unlimited | <3000kW | - | 12 months as 2nd Engineer Whilst holding MEO Class V certificate | | | |
| **Electro-Technical Officer** | Unlimited | Unlimited | - | 36 months<br>Or<br>6 months as Trainee ETO with onboard approved Training Record Book. | | | |

**General Requirements for determining Qualified Seagoing Service**

11. (A) Continuous Discharge Certificates (CDC) for service as an engineer or in engine department in the International Voyage will generally be accepted as Service in Unlimited Voyage Vessels. Watch keeping service performed on a foreign going vessel will be accepted in full if the vessel has proceeded along International Voyage.

(B) For the certificate of competency as Marine Engineer officer, the qualifying seagoing service usually required is the service performed in merchant trading vessels. Other seagoing service that performed in non-trading vessels, such as naval vessels, fishing vessels, pilot vessels, may be accepted in lieu of a limited amount of service in specialization ships.

(C) **Watch-keeping Service** Watch-keeing service means a service performed on regular watch for not less than 8 hours out of every 24 hours service on main engine or electric propulsion plant, auxiliaries and boiler simultaneously as in full charge of entire watch or assistance to the senior in full charge.

(D) **Day work** An engineering work carried out at sea other than that performed on regular watch, will be counted in full towards the overall minimum sea service required. However, such service will not be accepted as watch keeping service.

(E) **Service on auxiliary machinery** Watch keeping service on auxiliary machinery run in conjunction with the main propelling machinery (i.e., auxiliaries which are essential to the running of the main propulsion machinery) will be allowed to count in full towards the qualifying period of sea service. However, time serve on auxiliaries run independently of the main propulsion machinery will be counted at half rate.

(F) **Offshore service**

(1) Service in self propelled vessel, used as an offshore unit for sea going passage or well shift or maintaining a fixed station by continuous use of the main propelling machinery, will count at full rate.

(2) Service in self propelled vessel, fixed on a station, will be accepted at full rate up to a maximum of half the minimum required watch keeping service as counting toward.

(3) Service in an offshore unit, termed a ship under relative flag state Merchant Shipping Act, will count at half rate. However, such service will not be accepted as watch keeping service.

[ ဆက်လက်ဖော်ပြပါမည်။ ]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်<br>( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် ) | **သောကြာနေ့** |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

**WHITE TRIANGLE CONSTRUCTION COMPANY LIMITED**

**ဖျက်သိမ်းရန် ကြေညာချက်**

၁။ **WHITE TRIANGLE CONSTRUCTION COMPANY LIMITED** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၄-၁၂-၂၀၁၃) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက် ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ ပထမထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဦးချန္ဒရာ **[B.Sc., H.G.P., M.A (Business Law), Post Graduate Diploma in Law 1st Batch.]** (အထက်တန်းရှေ့နေ) [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

Sein Hla Maung
Managing Director
White Triangle Construction Co., Ltd

ဦးချန္ဒရာ
အထက်တန်းရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## SEVEN SEVEN MINING COMPANY LIMITED

## ဖျက်သိမ်းရန် ကြေညာချက်

၁။ **SEVEN SEVEN MINING COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလို အလျောက် ဖျက်သိမ်းရန် (၄-၁၂-၂၀၁၃) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ ပထမထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဦးချန္ဒရာ **[B.Sc., H.G.P., M.A (Business Law), Post Graduate Diploma in Law 1st Batch.]** (အထက်တန်းရှေ့နေ) [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

Tun Phone Aung
Managing Director
Seven Seven Mining Co., Ltd

ဦးချန္ဒရာ
အထက်တန်းရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## T Y W & ASSOCIATE COMPANY LIMITED

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)
မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င)

**T Y W & ASSOCIATE COMPANY LIMITED** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် နောက်ဆုံးအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ အမှတ်-၁၆၀/ဘီ၊ ဒုတိယသီရိရိပ်သာလမ်း၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၌ (၆-၁-၂၀၁၄) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဦးချန္ဒရာ
အထက်တန်းရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
T Y W & ASSOCIATE CO., LTD.

**TOP ENGINEERING CONSTRUCTION INTERNATIONAL COMPANY LIMITED ၏**

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာချက်

၁။ **TOP ENGINEERING CONSTRUCTION INTERNATIONAL COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၃-၁၂-၂၀၁၃) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၅၂)၊ အိုးဘိုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးမြိုင် [၁၂/ကမတ (နိုင်) ၀၁၈၈၆၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးမြိုင် [B.Com (A.A)., C.P.A] ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးခင်မောင်ဆယ်
မန်နေးဂျင်းဒါရိုက်တာ
အပြည်ပြည်ဆိုင်ရာထိပ်တန်းအင်ဂျင်နီယာ
ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

ဦးမြိုင် [B.Com (A.A)., C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၅၁၃၅၆၁

**လွတ်လပ်သောလျှောက်လှမ်းခြင်း အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်**

**Walk Free International Company Limited**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၆ (၁) အရ
ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **လွတ်လပ်သောလျှောက်လှမ်းခြင်း အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်**အား (၃-၁၂-၂၀၁၃) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်မီမီကျော် [B.Com (Q)., C.P.A] အမှတ် (၄၉/၅၁)၊ (၇-လွှာ)၊ ၂-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၃-၁-၂၀၁၄) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လှလှဝင်း
မန်နေးဂျင်းဒါရိုက်တာ
လွတ်လပ်သောလျှောက်လှမ်းခြင်း
အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

မီမီကျော်
B.Com (Q)., C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## AUNG NGWE COMPANY LIMITED.

## ဖျက်သိမ်းရန် ကြေညာချက်

၁။ **AUNG NGWE COMPANY LIMITED.** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁-၁၂-၂၀၁၃) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် ၁၅၄၊ တတိယထပ်၊ ၄၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဇာနည်ညို **B.Com., C.P.A., LCCI., A.B.S.A** (အစိုးရအသိအမှတ်ပြုလက်မှတ်ရစာရင်းကိုင်နှင့်စာရင်းစစ်) [၁၂/ဗတထ (နိုင်) ၀၂၄၀၄၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း ဒေါ်ဇာနည်ညိုထံ ဆက်သွယ် ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးအောင်ဇော်လင်း
အုပ်ချုပ်မှုဒါရိုက်တာ
AUNG NGWE COMPANY LIMITED.

ဒေါ်ဇာနည်ညို
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
AUNG NGWE COMPANY LIMITED.
09-4320-1827, 09-513-2325, 01-397008

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၆-၁၂-၂၀၁၃။